# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၁)ရက် ၊ အင်္ဂါနေ့ ၊ (8-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၃၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။

နေပြည်တော် စက်တင်ဘာ ၇

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၈)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁

**ရတနာပုံ ယနေ့ဖတ်စရာ**


မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးနှင့် သမိုင်းဝင် ခရီးစဉ်၏ အနှစ်သာရ ဆောင်းပါး စာမျက်နှာ - ၁၈

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာ စာမျက်နှာ - ၂၀

တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများ သွားရောက်လေ့လာ စာမျက်နှာ - ၂၃


## ဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၇

ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော်လည်း ကျုံပျော်မြို့နယ်တွင် ဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၇ လက်မခန့်သာကျန်ရှိသဖြင့် ၁ ပေ ၆ လက်မခန့် ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်တွင်

စာမျက်နှာ ၁၇ ကော်လံ ၁



နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## မြောင်းတကာစက်မှုဇုန်တွင် ဓာတ်အားခိုးယူသုံးစွဲနေသည့် SKY MAN သံရည်ကျိုလုပ်ငန်းကို စစ်ဆေးဖော်ထုတ်ပြီး နိုင်ငံတော်အနေဖြင့် နစ်နာခဲ့သည့် ငွေကျပ် ၁၇ ဒသမ ၁၈၄ ဘီလီယံ ပြန်လည်ပေးသွင်းစေရန် အရေးယူဆောင်ရွက်



မြောင်းတကာ စက်မှုဇုန်တွင် ဓာတ်အားခိုးယူ သုံးစွဲနေသည့် SKY MAN သံရည်ကျို လုပ်ငန်းကို စစ်ဆေးနေသည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် စက်တင်ဘာ ၇

လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့် မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့ အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိရပါက ပြဋ္ဌာန်းထားသည့်

စာမျက်နှာ ၂၁ ကော်လံ ၁

## တွန်းဇံမြို့အတွက် ပေးပို့သည့် ဆက်သွယ်ရေးဆိုင်ရာစက်ပစ္စည်းများ တီးတိန်မြို့သို့ ရောက်ရှိ

တီးတိန် စက်တင်ဘာ ၇

တွန်းဇံမြို့အတွက် ပေးပို့သည့် ဆက်သွယ်ရေးဆိုင်ရာစက်ပစ္စည်းများ တီးတိန်မြို့သို့ ရောက်ရှိလျက်ရှိပြီး တွန်းဇံမြို့သို့ ဆက်လက်ပေးပို့နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယမန်နေ့နံနက်ပိုင်းက

စာမျက်နှာ ၂၁ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၈ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာမြေနှင့်လူသားများသာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့

နှစ်စဉ်စက်တင်ဘာ ၈ ရက်သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်သည်။ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ၏ ဦးဆောင်မှုဖြင့် ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်ထိ အီရန်နိုင်ငံ တီဟီရန်မြို့တွင် ကမ္ဘာ့စာတတ်မြောက်ရေးညီလာခံကို ကျင်းပခဲ့သည်။ အဆိုပါညီလာခံစတင်ကျင်းပသည့် စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် ယူနက်စကိုအဖွဲ့က သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါနေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် စာတတ်မြောက်ရေးအခမ်းအနားများ ကျင်းပသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း စာတတ်မြောက်ရေးအခမ်းအနားများကျင်းပကြသည်။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် ကမ္ဘာတစ်ဝန်းစာတတ်မြောက်ရေးဆိုင်ရာ ပညာရေးလိုအပ်ချက်အတွက် အသိပညာပေးရန် အရေးပါသောနေ့တစ်နေ့ဖြစ်သည်။ လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်စေရေးအတွက် လိုအပ်သောအသိပညာနှင့် အရည်အချင်းများကို မြှင့်တင်ရန်အတွက် စာတတ်မြောက်မှုစွမ်းရည်သည် မရှိမဖြစ်လိုအပ်သည်။ စာတတ်မှသာ စာဖတ်နိုင်မည်ဖြစ်ပြီး စာဖတ်ခြင်းသည် လူတို့၏အသိဉာဏ်ဖွင့်ပေးသည်။

ယခု ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဆောင်ပုဒ်မှာ "ကမ္ဘာမြေနှင့်လူသားများသာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့" ဖြစ်သည်။ ခေတ်အဆက်ဆက် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို အမျိုးသားရေးအသွင်အဖြစ် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ စာတတ်မြောက်မှုနှုန်းသည် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး အခြေခံသင်္ချာတွက်ချက်နိုင်မှုရာခိုင်နှုန်းသည် ၉၂ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။

စာတတ်မြောက်ခြင်းသည် အပြန်အလှန်နားလည်ခြင်း၊ လူမှုအသိုက်အဝန်းတွင် စည်းလုံးညီညွတ်ခြင်းနှင့် ငြိမ်းချမ်းရေးတို့ တည်ဆောက်ရာတွင် များစွာအထောက်အကူပြုသည်။ လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်းရှိတိုးတက်မှုကို ဖော်ဆောင်သူတိုင်းသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မူလဘာသာစကားကို အခြေခံလျက် ဘာသာစကားစုံကို လေ့လာသင်ယူလျက်ရှိကြသည်။ ထိုသို့သင်ယူခြင်းသည် လူမှုအသိုက်အဝန်းအတွင်း အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတို့ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားအားလုံး စာတတ်မြောက်ပြီး ဗဟုသုတကြွယ်ဝလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်၊ နည်းပညာခေတ်ဖြစ်ပြီး နေ့စဉ်တိုးတက်ပြောင်းလဲနေသော စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရန် လူတိုင်းစာတတ်မြောက်ရန်လိုသည်။ လက်ရှိနိုင်ငံတော်အစိုးရသည် နိုင်ငံသားတိုင်း စာတတ်မြောက်ရေးအတွက် ပညာရေးကဏ္ဍတွင် အားပေးခြင်း၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အားပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံတည်ထောင်ရာတွင် ပညာရည်ပြည့်ဝသူများနှင့် ထူထောင်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်နိုင်ပေမည်။ ထို့ကြောင့် နိုင်ငံသားတိုင်း စာတတ်မြောက်ရေးသည် အခြေခံအကျဆုံးဖြစ်ပါသည်။ သို့ဖြစ်ရာ ယနေ့ကျရောက်သော နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော "ကမ္ဘာမြေနှင့်လူသားများ သာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့"ဟူသည့်အတိုင်း လူသားတိုင်း စာတတ်မြောက်ရေးကို အားပေးထောက်ခံပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။

# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၉၅၉၆ ဧကစိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၉၅၉၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းဧက ၁၅၁၀၊ ဖူးစားပြောင်း ၈၀၈၆ ဧက စုစုပေါင်း ၉၅၉၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။

ကလေးမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုတောမြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းမွန်နေ



**ပုတော စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ်တွင် ငါးပုတ်သင်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလှဲ့က ပြောပြ၍ သိရသည်။

ပုတောမြို့နယ် ငါးဈေးကွက်အတွင်း စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ ငါးပုတ်သင်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းနေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ ပိုမိုအရောင်းအဝယ်ဖြစ်နေပါတယ်။ စားသုံးတဲ့သူများလာတာကြောင့် ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေတာဖြစ်ပါတယ်။ ငါးပုတ်သင်တွေ အဝယ်လိုက်ပြီး တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်"ဟု ပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလှဲ့က ပြောပြသည်။

ပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်များအပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ဝယ်ယူသည့်ဒေသများသို့ ဖြန့်ဖြူးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလှဲ့ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် မင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မင်းကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် ၃၆ ဒသမ ၂ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ကျောက်ဆည်မြို့နယ် အင်တိုင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အင်တိုင်းကျေးရွာ၌ စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင်သန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မင်း၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသစ်လွင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသက်မောင်တို့က ဌာနအလိုက်ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက ကျေးရွာအတွက် လိုအပ်သည့် လုပ်ငန်းများကို တင်ပြဆွေးနွေးရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက်အသီးသီး ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၇၀၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၇၀၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၇၀၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နေကြာဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပကတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေး သွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်နဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်ပျိုးမည့်တောင်သူများကို စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာပေးသင်တန်းများ အချိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ဆူးပုတ်ကန်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွဲ့တပ်ဆုံကျေးရွာအုပ်စု ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများဆောင်ရွက်နေမှုကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဆူးပုတ်ကန်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၅သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆူးပုတ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၇ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာ၌ ဆပ်ပြာပြုလုပ်နည်း သင်တန်းဖွင့်

**အမရပူရ စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ တမုတ်ဆိုးကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ဆပ်ပြာပြုလုပ်နည်းသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ အမရပူရမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာမများက ဆပ်ပြာပြုလုပ်နည်းသင်တန်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် စက်တင်ဘာ ၇ ရက် ၁၁ ရက်ထိ အခမဲ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရှဉ့်အပါအဝင် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်က ငါးရှဉ့်များကို အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဩဂုတ်လအတွင်း ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ငါးရှဉ့်ကတော့ လတ်ဆတ်မှုရှိပါတယ်။ ဒီဘက်က ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားဈေးကွက်တွေကို ဆက်လက်ဖြန့်ဖြူးရောင်းချပါတယ်။ အခုလို ငါးရှဉ့်တွေ ဝယ်ယူအားကောင်းလာတော့ ငါးမွေးမြူသူတွေနဲ့ ရေလုပ်သားတွေ အဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၁၈)

ပါမောက္ခကိုကိုအောင်





### ပင်လယ်ရေညှိစားသုံးမှုနှင့် ကျန်းမာရေးသတိ

Seaweed ခေါ် ပင်လယ်ရေညှိသည် အာဟာရဓာတ်များ အလွန်ကြွယ်ဝသည့် သဘာဝအစားအစာတစ်မျိုးဖြစ်သည်။ မျက်မှောက်ကာလ၌ ဆယ်ကျော်သက်များနှင့် လူငယ်များအကြား ပင်လယ်ရေညှိစားသုံးမှုမှာ ခေတ်သစ်လူနေမှုဟန်တစ်ခုကဲ့သို့ပင် ဖြစ်လျက်ရှိနေသည်။ ပင်လယ်ရေညှိသည် ထူးခြားသောအာဟာရတစ်မျိုးဖြစ်ပြီး အထူးသဖြင့် ဂျပန်လူမျိုးများက တန်ဖိုးထားကာ စားသုံးကြသော အစားအစာတစ်မျိုးလည်းဖြစ်သည်။

ပင်လယ်ရေညှိသည် အာဟာရဓာတ်အလွန်ပြည့်ဝပြီး ဗီတာမင် A၊ ဗီတာမင် C၊ ဗီတာမင် E၊ ဗီတာမင် K နှင့် ဖောလိတ်တို့က ကြွယ်ဝစွာပါဝင်နေသည်။ ထို့ပြင် ပင်လယ်ရေညှိ၌ သတ္တုဓာတ်များဖြစ်ကြသော အိုင်အိုဒင်း၊ ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ သံဓာတ်နှင့် ဇင့်ဓာတ်တို့ကလည်း ပါဝင်လျက်ရှိသည်။

ပင်လယ်ရေညှိသည် အပင်ထွက် ပရိုတင်းဓာတ်များ ကြွယ်ဝစွာပါဝင်နေသော သဘာဝအာဟာရတစ်မျိုးလည်းဖြစ်သည်။ အမျှင်ဓာတ်ကြွယ်ဝခြင်းကြောင့် အစာခြေစနစ်ကို အားကောင်းစေပြီး ခန္ဓာကိုယ် အကျိုးပြုဘက်တီးရီးယားတို့၏ အစာဖြစ်သော Probiotic များအဖြစ် လုပ်ဆောင်ပေးသည်။

ပင်လယ်ရေညှိသည် အိုင်အိုဒင်း၏အဓိကကျသော သဘာဝအရင်းအမြစ်လည်းဖြစ်သည့်အတွက် သိုင်းရွိုက်ဟော်မုန်းများ ထုတ်လုပ်ရေးအတွက် အရေးပါသည့်ဓာတ်ဖြစ်ပြီး ဇီဝကမ္မဖြစ်စဉ်များ၊ ကိုယ်အပူချိန်နှင့် စွမ်းအင်ထုတ်လုပ်မှုတို့ကို ထိန်းညှိပေးနိုင်သည်။

ပင်လယ်ရေညှိ၌ ပါဝင်နေသည့် Soluble Fiber များ အထူးသဖြင့် Alginate နှင့် Carrageenan တို့က သွေးတွင်းကိုလက်စထရောကို လျှော့ကျစေပြီး သွေးပေါင်ချိန်ကိုလည်း ထိန်းညှိပေးခြင်းကြောင့် နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်သည်။

ပင်လယ်ရေညှိတွင် အစွမ်းထက် Antioxidant နှင့် Anti-inflammatory ဒြပ်ပေါင်းများ (ဥပမာ- Fucoxanthin) ပါဝင်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်းက ရောင်ရမ်းမှုများကိုလည်း လျှော့ချပေးနိုင်သည်။ အမျှင်ဓာတ်များပြားခြင်းကြောင့်လည်း လွယ်လင့်တကူတင်းတိမ်စေပြီး ကယ်လိုရီစားသုံးမှုကို လျှော့ချပေးနိုင်သည်။ ပင်လယ်ရေညှိကိုယ်တိုင်ကလည်း ကယ်လိုရီပါဝင်မှုနည်းပါးသည့်အတွက် ကိုယ်အလေးချိန်ထိန်းညှိမှုကို အထောက်အကူပြုပေးနိုင်သည်။

ဤသည်တို့မှာ ပင်လယ်ရေပြင်အောက်ကျောက်တောင်နံရံများ၌ သဘာဝအလျောက်ပေါက်ရောက်လျက်ရှိနေကြသော ပင်လယ်ရေညှိတို့၏ကောင်းကျိုးပြုနိုင်သည့် အစွမ်းအာနိသင်များပင်ဖြစ်သည်။

ဤနေရာတွင် ဈေးကွက်ထဲ၌ ရောင်းချနေကြသည့် ပင်လယ်ရေညှိအများစုမှာ သဘာဝရေညှိများမဟုတ်ကြဘဲ ဖန်တီးပျိုးထောင်ထားသည့်ရေညှိများဖြစ်ကြသည့်အပြင် ခံတွင်းတွေ့စေမည့်အရသာအမျိုးမျိုးကိုပါ ဖြည့်စွက်ထားသော သဘာဝလွန်စားကုန်များဖြစ်နေကြသည်ကိုမူ သတိပြုသင့်ကြသည်။

ထိုကဲ့သို့ ဖန်တီးပျိုးထောင်ပြီး အရသာကိုပြုပြင်ထားသည့် ပင်လယ်ရေညှိများကိုမဆိုထားဘဲ၊ သန့်ရှင်းသည့် ပင်လယ်ရေပြင်အောက်၌ သဘာဝအလျောက်ပေါက်ရောက်နေသော ပင်လယ်ရေညှိများကိုပင် အလွန်အကျွံစားသုံးမိမည်ဆိုပါက ကျန်းမာရေးအတွက် ဆိုးကျိုးများနှင့် ကြုံတွေ့ကြရနိုင်သည်။

ပင်လယ်ရေညှိကို တစ်ကြိမ်တည်းဖြင့် အများအပြားစားသုံးပါက ဖြစ်လာနိုင်သည့် အန္တရာယ်များအနက်တစ်ခုမှာ Iodine Toxicity ခေါ် အိုင်အိုဒင်းအဆိပ်သင့်ခြင်းဖြစ်သည်။ အိုင်အိုဒင်းအဆိပ်သင့်ခြင်းမှာ ကျန်းမာရေးအတွက် စိုးရိမ်စရာအကောင်းဆုံးသော အချက်ပင်ဖြစ်သည်။

ပင်လယ်ရေညှိ၏ အိုင်အိုဒင်းကြွယ်ဝမှုမှာ လူတစ်ဦးအတွက် တစ်ရက်တာလိုအပ်သည့်ပမာဏထက်ပင် များစွာပိုနေနိုင်သည့်အတွက် အလွန်အကျွံစားသုံးမိလျှင် သိုင်းရွိုက်ဂလင်း၏ အလုပ်လုပ်ဆောင်မှုကို ထိခိုက်လာစေနိုင်သည်။

ကျန်းမာရေးကောင်းမွန်သည့် အရွယ်ရောက်ပြီးသူတစ်ဦးအတွက် တစ်ရက်တာ အိုင်အိုဒင်းလိုအပ်ချက်မှာ ပျမ်းမျှအားဖြင့် 150 mg ခန့်သာဖြစ်ပြီး၊ ပင်လယ်ရေညှိ 1 gram ၌ ပါဝင်နေသော အိုင်အိုဒင်းပမာဏကမူ ထို့ထက်ပင်ပိုနေနိုင်သည်။

သို့ဖြစ်၍ ပင်လယ်ရေညှိကို လွန်လွန်ကဲကဲ စားသုံးမည်ဆိုပါက ဖြစ်လာနိုင်သည့် ဆိုးကျိုးရလဒ်မှာ သိုင်းရွိုက်ဟော်မုန်းများ အလွန်အမင်းထွက်ရှိလာခြင်း(Hyperthyroidism) သို့တည်းမဟုတ် သိုင်းရွိုက်ဟော်မုန်းများ ထွက်ရှိမှုနည်းပါးသွားခြင်း(Hypothy roidism) နှစ်မျိုးအနက် တစ်မျိုးမျိုးကို ဖြစ်လာစေနိုင်သည်။ အကျိုးဆက်အနေဖြင့် လည်ပင်းကြီးလာခြင်း၊ ကိုယ်အလေးချိန် အတက်အကျမှုမမှန်ခြင်း၊ နှလုံးခုန်မြန်ခြင်း စသောလက္ခဏာများပေါ်ပေါက်လာနိုင်သည်။

**❖ ပင်လယ်ရေညှိသည် အာဟာရဓာတ်အလွန်ပြည့်ဝပြီး ဗီတာမင် A၊ ဗီတာမင် C၊ ဗီတာမင် E၊ ဗီတာမင် K နှင့် ဖောလိတ်တို့က ကြွယ်ဝစွာပါဝင်နေသည်။ ထို့ပြင် ပင်လယ်ရေညှိ၌ သတ္တုဓာတ်များဖြစ်ကြသော အိုင်အိုဒင်း၊ ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ သံဓာတ်နှင့် ဇင့်ဓာတ်တို့ကလည်း ပါဝင်လျက်ရှိသည်။ ပင်လယ်ရေညှိသည် အပင်ထွက် ပရိုတင်းဓာတ်များ ကြွယ်ဝစွာပါဝင်နေသော သဘာဝအာဟာရတစ်မျိုးလည်းဖြစ်သည်။ အမျှင်ဓာတ်ကြွယ်ဝခြင်းကြောင့် အစာခြေစနစ်ကို အားကောင်းစေပြီး ခန္ဓာကိုယ်အကျိုးပြုဘက်တီးရီးယားတို့၏ အစာဖြစ်သော Probiotic များအဖြစ် လုပ်ဆောင်ပေးသည်။ ❖**

ပင်လယ်ရေညှိကို အလွန်အကျွံစားသုံးခြင်း၏ နောက်ထပ်အန္တရာယ်တစ်မျိုးမှာ အလေးချိန်စီးသော သတ္တုဓာတ်များ စုပုံလာခြင်း(Heavy Metal Accu-mulation)ဖြစ်သည်။

ပင်လယ်ရေညှိတို့၏ သဘာဝအရ ပင်လယ်ထဲမှ ဓာတ်သတ္တုမျိုးစုံကို စုပ်ယူကြသည့်အတွက်ညစ်ညမ်းသည့် ပင်လယ်ရေပြင်အောက်တွင် ပေါက်ရောက်ရှင်သန်ကြသည့် ပင်လယ်ရေညှိများ၌ ခဲဓာတ်၊ ကက်ဒမီယမ်၊ မာကျူရီနှင့် အာဆင်းနစ် စသောအဆိပ်ဖြစ်စေနိုင်သည့် သတ္တုဓာတ်များက ပါဝင်နေနိုင်သည်။

ထိုကဲ့သို့သော ပင်လယ်ရေညှိမျိုးကို အလွန်အကျွံစားသုံးမိမည်ဆိုပါက အဆိပ်ရှိသည့် သတ္တုဓာတ်များက ခန္ဓာကိုယ်ထဲ၌ စုပုံလာကြပြီး အာရုံကြောစနစ်၊ ကျောက်ကပ်နှင့် အခြားသောကိုယ်အင်္ဂါအစိတ်အပိုင်းများကို ထိခိုက်စေနိုင်သည်။

ထို့ပြင် ပင်လယ်ရေညှိသည် အမျှင်ဓာတ်ကြွယ်ဝလွန်းသည့်အတွက် လွန်လွန်ကဲကဲ စားသုံးမိလျှင် ဗိုက်အောင့်ခြင်း၊ ဗိုက်နာခြင်း၊ လေပွခြင်း၊ ဝမ်းချုပ်ခြင်းနှင့် ဝမ်းလျှောခြင်းတို့ကို ဖြစ်စေနိုင်သည်။

ပင်လယ်ရေညှိကို အလွန်အကျွံ စားသုံးခြင်းက သွေးကျဲဆေးကို သောက်သုံးနေတို့အတွက်လည်း အန္တရာယ်ရှိလာနိုင်သည်။ ဗီတာမင် K ကြွယ်ဝစွာပါဝင်နေသည့် ပင်လယ်ရေညှိက သွေးခဲမှုကိုအားပေးသည့်အတွက် Warfarin ကဲ့သို့သော သွေးကျဲဆေးကို မှီဝဲသောက်သုံးနေရသူတို့အတွက် ပင်လယ်ရေညှိကို တစ်ကြိမ်တည်းဖြင့် အများအပြားစားသုံးမိလျှင် ဆေး၏အာနိသင်ကိုထိခိုက်စေကာ ကျန်းမာရေးဆိုးကျိုးများဖြစ်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် အာဟာရတန်ဖိုးမြင့်မားသော ပင်လယ်ရေညှိကို စားသုံးလိုပါက ညစ်ညမ်းမှုကင်းပြီး အရည်အသွေး ကောင်းမွန်သည့် ထုတ်ကုန်ကို စိတ်ချယုံကြည်ရသည့် အရင်းအမြစ်ထံမှသာ ဝယ်ယူစားသုံးသင့်ကြသည်။

ကျန်းမာရေး ကောင်းမွန်သူတစ်ဦးအနေဖြင့် အာဟာရဓာတ်များစွာပါဝင်နေသည့် ပင်လယ်ရေညှိကို ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်ထက်မပိုစေဘဲ တစ်ကြိမ်လျှင် ပမာဏအနည်းငယ်သာ စားသုံးခြင်းသည် ကျန်းမာရေးအတွက် အလွန် ကောင်းမွန်သော စားသုံးမှုပုံစံဖြစ်သည်။

သိုင်းရွိုက်ရောဂါရှိနေသူများ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် ကလေးနို့တိုက်မိခင်များ၊ သွေးကျဲဆေးကို မှီဝဲသောက်သုံးနေရသူများအတွက်မူ ပင်လယ်ရေညှိကို စားသုံးလိုပါက ဆရာဝန်နှင့် ဦးစွာတိုင်ပင်ရန် လိုအပ်လိမ့်မည်ဖြစ်ပါသည်။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၈၈၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**မြင်းမူ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၄၈၈၆ ဧကထိ စိုက်ပျိုးမည်ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၄၈၈၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှစတင် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲကြီး ၄၈၈၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီးစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကိုလဲ ကွင်းဆင်းဆောင်ရွက် ပေးသွားမှာပါ"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲကြီး တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ပဲကြီးစိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## မြောင်းမြမြို့နယ် ဒိုးပတ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**မြောင်းမြ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် ဒရယ်ပေါက်ကျေးရွာအုပ်စု ဒိုးပတ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောင်းမြခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကိုနှင့် တာဝန်ရှိသူများက ကျေးရွာ သောက်သုံးရေရရှိရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ ဒိုးပတ်ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒိုးပတ်ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၃၈ သန်းဖြင့် မြောင်းမြမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ဇွန် ၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာနေပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေ လုံလောက်စွာရရှိပြီး နွေရာသီကာလများတွင် ရေရှားပါးသည့် အခက်အခဲများကို ကုစားနိုင်မည်ဖြစ်ကြောင်း မြောင်းမြခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကိုက ပြောပြ၍ သိရသည်။

မိုးမိုး

## စာတတ်မြောက်ရေး ဝိုင်းကူပေး

- လူငယ်တွေ ကြိုးစားကြ
  တိုးပွားဖို့ ရှေ့မြော်မြင်၊
  စာပေကို သင်ကြားကြလို့
  မမှားအစဉ်၊
  အမှောင်ကိုလည်း ခွင်းကာပင်
  လူ့ဘောင်တစ်ခွင် အသုံးချ၊
  စာပေသည် ဂုဏ်ဒြပ်မြင့်လို့
  ချစ်မြတ်နိုးကြ။

- ကမ္ဘာ့နိုင်ငံ အများစုက
  လှုပ်ရှားကြ ရက်မြတ်မဟာ၊
  "စက်တင်ဘာ ရှစ်ရက်နေ့"
  မမေ့ချိန်ခါ၊
  နိုင်ငံတကာစာတတ်မြောက်ရေး နေ့ပါ
  သတ်မှတ်ကာ လှုပ်ရှားကြ၊
  နိုင်ငံပေါင်းစုံ ညီညွှတ်မှုဖြင့်
  ရှေ့ရှုကြဲဆ။

- အနာဂတ်ကို ရှေ့မျှော်တွေးကြလို့
  ကလေးနောင်ရေး တိုးတက်အောင်၊
  မိဘဆရာ ပူးပေါင်းမှုဖြင့်
  ပြုစုပျိုးထောင်၊
  စာမတတ်သူများ ကင်းစင်အောင်
  ပညာအလင်းရောင် ထွန်းညှိပေး၊
  အနာဂတ်မှာဖြင့်
  စာမတတ်သူ ပပျောက်စေဖို့
  ထောက်ကူကာဖေး။ ။

ရွှေတိုး(ထုံးဘို)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## ယူအက်စ်အက်စ်အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘော ထိုင်းနိုင်ငံမှ ပြန်လည်ထွက်ခွာ

**ဗန်ကောက် စက်တင်ဘာ ၇**

အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောသည် ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ငါးရက်ကြာ ရပ်နားပြီးနောက် စက်တင်ဘာ ၆ ရက်တွင် ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နျူကလီးယား စွမ်းအင်သုံး လေယာဉ်တင် သင်္ဘောဖြစ်သော ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်းသည် ပင်လယ်ပြင်၌ ရက်ပေါင်း ၂၈၆ ရက် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ထိုင်းနိုင်ငံ ပတ္တရားမြို့သို့ စက်တင်ဘာ ၂ ရက်တွင် ရောက်ရှိခဲ့သည်။

ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောသည် ခေတ်သစ်သမိုင်းတစ်လျှောက် ပင်လယ်ပြင်အတွင်း အချိန်အကြာဆုံး စစ်ရေးတာဝန်များရယူခဲ့သည့် လေယာဉ်တင်သင်္ဘောဖြစ်သည်။

အမေရိကန် ရေတပ်သည် ၎င်း၏ လေယာဉ်တင်သင်္ဘောများကို သာမန်အားဖြင့် ခြောက်လမှ ကိုးလကြာထိသာ ပင်လယ်ပြင်၌ ဖြန့်ကြက်လေ့ရှိသည်။

ရေတပ်သားနှင့်မရိန်းတပ်ဖွဲ့ဝင် ဦးရေ ၅၀၀၀ ခန့် လိုက်ပါလာသည့် ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောသည် ယခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့သော အီရန်စစ်ရေးပဋိပက္ခ၌ ပါဝင်ခဲ့သော လေယာဉ်တင် သင်္ဘောဖြစ်ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

## နှစ်နိုင်ငံကြား ပထမဆုံးကားလမ်းတံတားကို ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့ဖွင့်လှစ်



**မော်စကို စက်တင်ဘာ ၇**

ရုရှားနှင့်မြောက်ကိုရီးယားနိုင်ငံတို့သည် ယနေ့တွင် နှစ်နိုင်ငံကြား ချိတ်ဆက် တည်ဆောက်ထားသည့် တံတားသစ်ကို ဖွင့်လှစ်ခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါတံတားသည် တူမင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားပြီး ရုရှားနှင့် မြောက်ကိုရီးယားတို့ကြား ချိတ်ဆက်ပေးထားသည့် ပထမဆုံး ကားလမ်းတံတားဖြစ်သည်။

အဆိုပါတံတားသစ်သည် ရုရှားနှင့် မြောက်ကိုရီးယားတို့က ၁၉၅၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော နှစ်နိုင်ငံချစ်ကြည်ရေး ရထားလမ်းတံတားအနီးတွင် တည်ရှိသည်။

ယခုဖွင့်လှစ်လိုက်သည့် ကားလမ်းတံတားသစ်သည် ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံကြား ခရီးသွားလုပ်ငန်း အပါအဝင် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အထောက်အကူ ပြုမည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ်မီရှူစတင်က ပြောကြားထားသည်။

အဆိုပါ ကားလမ်းတံတားသစ်ကို နှစ်နိုင်ငံကြားနှစ်ပေါင်းများစွာ ဆွေးနွေးပြီးနောက် ပြီးခဲ့သည့်နှစ် ဧပြီလတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထိုတံတားသစ်ကို ရုရှားနှင့် မြောက်ကိုရီးယား တာဝန်ရှိသူများက ရုရှားသမ္မတပူတင်၏ ၂၀၂၄ ခုနှစ် မြောက်ကိုရီးယားခရီးစဉ်အတွင်း သဘောတူညီချက်ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## လက်ဘနွန်တောင်ပိုင်းဒေသရှိ မြို့တစ်မြို့ကို အစ္စရေးတပ်မတော်တိုက်ခိုက်၊ လူ ၁၂ ဦးသေဆုံး

**ဘေရွတ် စက်တင်ဘာ ၇**

လက်ဘနွန် တောင်ပိုင်း၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ယနေ့နံနက်ပိုင်းက လူ ၁၂ ဦး သေဆုံးခဲ့ကြောင်း လက်ဘနွန်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့သည် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ လက်နက်ကိုင်အဖွဲ့ တို့ကြား စစ်ရေးပဋိပက္ခများ ရပ်ဆိုင်းရေး အတွက်ရည်ရွယ်၍ ယခုနှစ် ဇွန်လတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူထားသော်လည်း အစ္စရေးတပ်မတော်သည် မကြာသေးမီရက်များ အတွင်း လက်ဘနွန်တောင်ပိုင်း ဒေသများကို စစ်ရေးအရပြင်းထန်စွာ တိုက်ခိုက်လျက်ရှိသည်။

အစ္စရေး တပ်မတော်သည် စက်တင်ဘာ ၆ ရက်ကလည်း လက်ဘနွန်နိုင်ငံ တောင်ပိုင်းကို ပြင်းထန်စွာတိုက်ခိုက်ခဲ့ရာ လူ ၁၂ ဦးသေဆုံးခဲ့သည်။

လက်ဘနွန်အစိုးရ မီဒီယာများ၏အဆိုအရ ယနေ့နံနက်ပိုင်းတွင် အစ္စရေး စစ်လေယာဉ်များက လက်ဘနွန်တောင်ပိုင်း ကဖာရမ်မင်မြို့ လူနေအဆောက်အအုံ တစ်လုံးကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ယခုနှစ် မတ် ၂ ရက်တွင်အစ္စရေး နိုင်ငံကို လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာလက်နက်ကိုင်အဖွဲ့ က တိုက်ခိုက်ခဲ့ရာ အစ္စရေးနိုင်ငံက လည်း လက်ဘနွန်နိုင်ငံကို စစ်ရေး အရ တိုက်ခိုက်မှုများတုံ့ပြန် ပြုလုပ်ခဲ့သည်။

ထိုကာလနောက်ပိုင်း အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် လက်ဘနွန်နိုင်ငံ၌ လူဦးရေ ၄၃၀၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO



## အီရန်နိုင်ငံ၌ လောင်စာဆီတင်ယာဉ်ပေါက်ကွဲ လူ ၁၁ ဦးသေဆုံး၍ ခုနစ်ဦးဒဏ်ရာရ

**တီဟီရန် စက်တင်ဘာ ၇**

အီရန်နိုင်ငံ အနောက်ပိုင်း၌ လောင်စာဆီတင်ယာဉ် တစ်စီး ပေါက်ကွဲခဲ့ရာ လူ ၁၁ ဦးသေဆုံး၍ ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရန်မီဒီယာများက စက်တင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ လောင်စာဆီတင်ယာဉ်ပေါက်ကွဲမှုသည် အီရန်အနောက်ပိုင်း ဆာနန်ဒက်ဂျ်မြို့ အနီး၌ စက်တင်ဘာ ၅ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထိုလောင်စာဆီတင်ယာဉ်သည် အခြားမော်တော်ယာဉ် တစ်စီးကို ဝင်တိုက်ခဲ့ပြီးနောက် ပေါက်ကွဲ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း အီရန်မီဒီယာများ၏အဆိုအရသိရသည်။

အဆိုပါ လောင်စာဆီတင်ယာဉ် ပေါက်ကွဲမီးလောင်မှု အတွင်း ဒဏ်ရာရရှိသူ ခုနစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားထားသည်။

၂၀၁၈ ခုနှစ်ကလည်း ဆာနန်ဒက်ဂျ်မြို့အနီး၌ လောင်စာဆီတင် ယာဉ် တစ်စီးနှင့်မြို့တွင်းပြေးဆွဲ နေသောခရီးသည်တင် ဘတ်စ်ကား တစ်စီးတိုက်မိခဲ့ရာ လူ ၁၅ ဦး သေဆုံး၍ လေးဦးဒဏ်ရာရရှိခဲ့ ကြောင်းသိရသည်။

အီရန်နိုင်ငံ၌ ယာဉ်မတော် တဆမှုများကြောင့် နှစ်စဉ်လူဦးရေ ၁၇၀၀၀ ကျော်ထိ သေဆုံးလေ့ရှိ ကြောင်းသိရသည်။

Ref : RT

Trs : KKO

## အမေဇုန်ကုန်တင်လေယာဉ် မီယာမီလေဆိပ်အဆင်း၌ ပြေးလမ်းကျွံထွက်၊ လူငါးဦးသေဆုံး

**နယူးယောက် စက်တင်ဘာ ၇**

အမေရိကန်နိုင်ငံ အခြေစိုက် အမေဇုန်ကုမ္ပဏီ၏ ကုန်တင်လေယာဉ်သည် စက်တင်ဘာ ၆ ရက်တွင် မီယာမီနိုင်ငံတကာ လေဆိပ် အဆင်း၌ ပြေးလမ်းကျွံထွက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

ဘိုးအင်း ၇၆၇-၃၀၀ အဆိုပါ ကုန်တင်လေယာဉ်သည် မီယာမီ နိုင်ငံတကာလေဆိပ်သို့ဆင်းသက် ရန်ကြိုးပမ်းစဉ် ပြေးလမ်းကျွံထွက် ခဲ့ပြီးနောက် မြေပြင်ရှိမော်တော် ယာဉ်များကို ဝင်တိုက်ခဲ့ခြင်းဖြစ် ကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်အတွင်း လူငါးဦး သေဆုံးခဲ့ပြီး ငါးဦးပြင်းထန်စွာ ဒဏ်ရာရခဲ့ကြောင်း မီယာမီ လေဆိပ်တာဝန်ရှိသူများက ပြော ကြားထားသည်။




ထိုဖြစ်စဉ်အတွင်း သေဆုံးသူ များနှင့် ဒဏ်ရာရရှိသူများမှာ လေယာဉ်ပေါ် လိုက်ပါလာသူများ သို့မဟုတ် မြေပြင်တွင်ရှိနေသူများ ဖြစ်သည်ကို မသိရသေးကြောင်း သိရသည်။

ထိုကုန်တင်လေယာဉ်ကို အမေဇုန်ကုမ္ပဏီက အသုံးမပြုမီ ၁၉၉၅ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ကြားကာလအတွင်း အခြား လေကြောင်းလိုင်းများက ခရီး သည်တင်လေယာဉ်အဖြစ် အသုံး ပြုခဲ့ကြသည်။

လက်ရှိတွင် အဆိုပါလေယာဉ် မတော်တဆမှုနှင့် ပတ်သက်၍ အမေရိကန် ဖက်ဒရယ် လေကြောင်း အာဏာပိုင်အဖွဲ့က စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နေကိုလှည့်ပတ်နေသည့် ဂြိုဟ်သိမ်ငယ်တစ်စင်း ကြယ်တံခွန်တစ်စင်းအဖြစ် ပြောင်းလဲသွားမှုကို နက္ခတ္တရူပဗေဒပညာရှင်များ လေ့လာစောင့်ကြည့်နိုင်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၇**

ကြာသပတေးဂြိုဟ်၏နေပတ်လမ်းအလွန်၌နေရာယူ၍ နေကိုလှည့်ပတ်နေသည့် ဂြိုဟ်သိမ်ငယ်တစ်စင်း ကြယ်တံခွန်တစ်စင်းအဖြစ် ပြောင်းလဲသွားမှုကို နက္ခတ္တရူပဗေဒပညာရှင်များက လေ့လာစောင့်ကြည့်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကြယ်တံခွန်အဖြစ်သို့ ပြောင်းလဲသွားသည့်ဂြိုဟ်သိမ်မှာ 450P/LONEOS အမည်ရှိ ဂြိုဟ်သိမ်တစ်စင်းဖြစ်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

450P/LONEOS ဂြိုဟ်သိမ်သည် ကြာသပတေးဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့ကြား နေပတ်လမ်းပေါ်တွင် နေရာယူထားသည့် စင်တော် (Centaur) ခေါ် ဂြိုဟ်သိမ်အုပ်စုဝင် ဂြိုဟ်သိမ်တစ်စင်းဖြစ်ကြောင်း သိရသည်။

စင်တော်အုပ်စုဝင် ဂြိုဟ်သိမ်များသည် စနေဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ နက်ပကျွန်းဂြိုဟ် စသည့် ဂြိုဟ်များ၏ နေပတ်လမ်းများကို ဖြတ်ကျော် ပျံသန်းနေကြရသည်ဖြစ်ရာ နေပတ်လမ်းများတည်ငြိမ်မှုမရှိဘဲ နေနှင့်နီးကပ်သွားတတ်ကြောင်း သိရသည်။

စင်တော်ဂြိုဟ်သိမ်များ နေနှင့်နီးကပ်လာချိန်တွင် ကြယ်တံခွန်အဖြစ်သို့ ပြောင်းလဲသွားတတ်ကြောင်း၊ စင်တော်အုပ်စုဝင်ဂြိုဟ်သိမ်တစ်စင်း ကြယ်တံခွန်အဖြစ်ပြောင်းလဲသွားမှုကို ပထမဆုံးအကြိမ် လေ့လာစောင့်ကြည့်နိုင်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# သကြားဓာတ်ပါသောအချိုရည်များ ပုံမှန်သောက်သုံးပါက အစာအိမ်ကင်ဆာရောဂါဖြစ်ပွားနိုင်မှု မြင့်မားနိုင်

**နယူးယောက် စက်တင်ဘာ ၇**

သကြားဓာတ်ပါဝင်သော အချိုရည်များ ပုံမှန်သောက်သုံးပါက အစာအိမ်ကင်ဆာရောဂါဖြစ်ပွားနိုင်မှု မြင့်မားလာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သကြားဓာတ်ပါ အချိုရည်များ ပုံမှန်သောက်သုံးသူများသည် တစ်လလျှင် ကြိမ်ရေ အနည်းငယ်မျှ သောက်သုံးသူများထက် အစာအိမ် ကင်ဆာရောဂါဖြစ်နိုင်ခြေ ၂ ဒသမ ၄၅ ဆ ပိုမြင့်မားကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ အသက် ၁၈ နှစ်နှင့်အထက် အရွယ်ရောက်သူများအနက် ၆၀ ရာခိုင်နှုန်းမှာ သကြားဓာတ်ပါအချိုရည်များကို နေ့စဉ်တစ်ဘူးမက သောက်သုံးတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အမေရိကန် ကလေးငယ် ၆၀ ရာခိုင်နှုန်းတို့မှာလည်း သကြားဓာတ်ပါ အချိုရည်များကို နေ့စဉ် သောက်သုံးတတ်ကြောင်း သိရသည်။

သို့ရာတွင် သကြားဓာတ်ပါ အချိုရည်များ သောက်သုံးမှုနှင့် အစာအိမ်ကင်ဆာဖြစ်ပွားနိုင်ခြေ မြင့်မားလာမှုတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးပေ။

အစာအိမ်ကင်ဆာ ရောဂါသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ သေဆုံးမှုနှုန်း စတုတ္ထအမြင့်ဆုံးကင်ဆာရောဂါ ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ်ဘီလီယံချီကွာဝေးသောနေရာတွင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များကို သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိ

**လန်ဒန် စက်တင်ဘာ ၇**

ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ်ဘီလီယံချီကွာဝေးသော နေရာတွင်ရှိသည့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များကို ဗြိတိန်နိုင်ငံ မန်ချက်စတာ တက္ကသိုလ်မှ သိပ္ပံပညာရှင်များက တောင်အာဖရိကအခြေစိုက် မီရာကတ် ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဟိုက်ဒရိုဂျင်ဓာတ်ငွေ့သည် စကြာဝဠာအတွင်းရှိ ဓာတ်ငွေ့များအနက် အပေါ့ပါးဆုံးနှင့် အပေါများဆုံး ဓာတ်ငွေ့အမျိုးအစားဖြစ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် မီရာကတ်ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့သော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များမှာ ကမ္ဘာမြေနှင့် အလင်းနှစ် ငါးနှစ်အကွာတွင် တည်ရှိကြောင်း သိရသည်။



ဗြိတိန်သိပ္ပံပညာရှင်များသည် လျှပ်စစ်ဓာတ်ဆောင်ထားခြင်းမရှိသော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များမှ ထုတ်လွှတ်သည့် ဖျော့တော့မှေးမှိန်သော ရေဒီယိုလှိုင်းများကို ထောက်လှမ်းခြင်းဖြင့် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ငါးဘီလီယံအကွာတွင်ရှိသော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ရှာဖွေမှုနည်းလမ်းသည် စကြဝဠာ၏ဖွဲ့စည်းပုံကို မြေပုံရေးထုတ်ရေးအတွက် နည်းလမ်းသစ်ဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# လာမည့်နှစ် ၂၀ အတွင်း ဗြိတိန်နိုင်ငံသားများကြား ပုံစံ-၁ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**လန်ဒန် စက်တင်ဘာ ၇**

ဗြိတိန်နိုင်ငံ၌ လာမည့် နှစ် ၂၀ အတွင်း ဗြိတိန်နိုင်ငံသားများကြား ပုံစံ-၁ ဆီးချိုရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

သုတေသန ပညာရှင်များ၏ ခန့်မှန်းချက်အရ လာမည့်နှစ်များအတွင်း ဗြိတိန်နိုင်ငံသားများကြား ပုံစံ-၁ ဆီးချိုလူနာပေါင်း ၄၂၀၅၀၀ ဦးထိ ရှိလာနိုင်ကြောင်း သိရသည်။

ပုံစံ-၂ ဆီးချိုရောဂါသည် အဝလွန်မှု၊ လေ့ကျင့်ခန်းမလုပ်မှု၊ စားသုံးသည့် အစားအစာများ ကျန်းမာရေးနှင့် မညီမှုတို့ကြောင့် ဖြစ်ပွားတတ်သည့် ရောဂါဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ပုံစံ-၁ ဆီးချိုရောဂါကမူ အထက်ပါအချက်များနှင့် သက်ဆိုင်မှုမရှိဘဲ ခုခံအားစနစ်ဖောက်ပြန်မှုကြောင့် ဖြစ်ပွားတတ်သည့် ဆီးချိုရောဂါဖြစ်ပြီး ကလေးဘဝမှာပင် စတင်ဖြစ်ပွားတတ်ကြောင်း သိရသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ ခုခံအားစနစ်ဖောက်ပြန်မှုကြောင့် လူ့ကိုယ်ခန္ဓာအနေဖြင့် အင်ဆူလင်ဟော်မုန်းများ အနည်းငယ်မျှသာ ထုတ်နိုင်တော့သည့် အချိန်မျိုးတွင် ပုံစံ-၁ ဆီးချိုရောဂါ ဖြစ်ပွားတတ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၌ ပုံစံ-၁ ဆီးချိုရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာနိုင်မှုသည် မျိုးဗီဇအပြောင်းအလဲများနှင့်သာမက ပတ်ဝန်းကျင် အပြောင်းအလဲများနှင့်လည်း ပေါင်းစည်းဆက်စပ်နေနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# တရုတ်သိပ္ပံပညာရှင်များဦးဆောင်သော နိုင်ငံတကာသိပ္ပံပညာရှင်များက ဂျူရက်ဆစ်ဘူမိခေတ်နှံ့ကောင်များ ထုတ်လွှင့်တတ်သောအော်သံကို ပြန်လည်ဖန်တီးနိုင်ခဲ့

**ပေကျင်း စက်တင်ဘာ ၇**

တရုတ် သိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ဂျူရက်ဆစ် ဘူမိခေတ် နှံ့ကောင်များထုတ်လွှင့်တတ်သော အော်သံကို ပြန်လည်ဖန်တီးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ဂျူရက်ဆစ်ဘူမိခေတ် နှံ့ကောင်မျိုးစိတ် ကိုးမျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်း ၂၀ တို့ကို လေ့လာခဲ့ပြီးနောက် ၎င်းနှံ့ကောင်များ၏ အော်သံကို ပြန်လည်ဖန်တီးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဂျူရက်ဆစ်ဘူမိခေတ် ကျောက်ဖြစ်ရုပ်ကြွင်းများကို တရုတ်နိုင်ငံ ပေကျင်းမြို့တော် အရှေ့မြောက်ဘက် ၁၄၃ မိုင်အကွာရှိ ကျောက်လွှာနယ်မြေတစ်ခု၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျူရက်ဆစ်ဘူမိခေတ် နှံ့ကောင် ကျောက်ဖြစ်ရုပ်ကြွင်း တချို့၏ အသံထုတ်အစိတ်အပိုင်းများမှာ မူလအတိုင်း မပျက်မစီး ကျန်ရှိနေဆဲဖြစ်ရာ သိပ္ပံပညာရှင်များအနေဖြင့် ကောင်းစွာ လေ့လာစူးစမ်းနိုင်ခဲ့သည်။

ဂျူရက်ဆစ် ဘူမိခေတ် နှံ့ကောင် ကျောက်ဖြစ်ရုပ်ကြွင်းများ၏ အသံထုတ်အစိတ်အပိုင်းများကို လေ့လာခဲ့ပြီးနောက် သိပ္ပံပညာရှင်များက ၎င်းနှံ့ကောင်များ၏အော်မြည်သံကို ပြန်လည်ဖန်တီးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ဂျူရက်ဆစ် ဘူမိခေတ် နှံ့ကောင်များ၏ ရှေ့လက်များကုတ်ခြစ်သံကိုလည်း ပြန်လည်ဖန်တီးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## တိုင်ဆန်ဖြူရီက အန်သိုနီဂျိုရှုအာနှင့် ထိုးသတ်မည့်ပွဲစဉ် ပျက်ပြားခဲ့ပြီးနောက် အူဆက်ခ်နှင့် ထိုးသတ်ရန်စီစဉ်

**လန်ဒန် စက်တင်ဘာ ၇**

အင်္ဂလန်လက်ဝှေ့သမား တိုင်ဆန်ဖြူရီက တစ်နိုင်ငံတည်းသား အန်သိုနီဂျိုရှုအာနှင့် ထိုးသတ်မည့် ပွဲစဉ်ပျက်ပြားခဲ့ပြီးနောက် ယူကရိန်းလက်ဝှေ့သမား အူဆက်ခ်နှင့် ထိုးသတ်ရန် စီစဉ်နေကြောင်း TNT Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

အစောပိုင်းက တိုင်ဆန်ဖြူရီသည် လာမည့်နိုဝင်ဘာလအတွင်း အန်သိုနီဂျိုရှုအာနှင့် ထိုးသတ်ရန် သဘောတူညီမှု ရရှိထားသော်လည်း ပွဲကျင်းပမည့်နေရာနှင့် စာချုပ်ဆိုင်ရာ အချက်အလက် ဆွေးနွေးညှိနှိုင်းမှုတွင် အဆင်မပြေဖြစ်ခဲ့ပြီးနောက် ပွဲစဉ်ကိုဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

တိုင်ဆန်ဖြူရီက အန်သိုနီဂျိုရှုအာနှင့် ထိုးသတ်မည့်ပွဲစဉ်ကို ဖျက်သိမ်းကြောင်း အတည်ပြုကြေညာခဲ့ပြီးနောက် လာမည့်နိုဝင်ဘာလတွင် အူဆက်ခ်နှင့် ထိုးသတ်ရန် ကမ်းလှမ်းမှုများလုပ်ဆောင်ထားသည်ဟု ပြောကြားခဲ့သည်။

တိုင်ဆန်ဖြူရီနှင့် အူဆက်ခ်တို့သည် ၂၀၂၄ ခုနှစ်တွင် နှစ်ကြိမ်ထိုးသတ်ခဲ့ဖူးပြီး တိုင်ဆန်ဖြူရီက နှစ်ကြိမ်စလုံး ရှုံးနိမ့်ထားကာ ယခုအခါ တတိယအကြိမ်မြောက်ထိုးသတ်ရန် စီစဉ်နေခြင်းဖြစ်သည်။

တိုင်ဆန်ဖြူရီသည် နောက်ဆုံးထိုးသတ်ခဲ့သည့်ပွဲစဉ် အဖြစ် ပြီးခဲ့သည့်ဧပြီ ၁၁ ရက်က အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ရုရှားလက်ဝှေ့သမားမက်ခါမူဒွေ့နှင့် ထိုးသတ်ခဲ့ရာတိုင်ဆန်ဖြူရီက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

Ref : TNT Sports
Trs : STA



## 2026 British Open စနူကာပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကို ဝေးလ်စနူကာကစားသမား ဂျက်ဂျုန်းဆွတ်ခူး

**လန်ဒန် စက်တင်ဘာ ၇**




အင်္ဂလန်နိုင်ငံတွင် ကျင်းပခဲ့သည့် 2026 British Open စနူကာပြိုင်ပွဲတွင် ဝေးလ်စနူကာကစားသမားဂျက်ဂျုန်းက ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့ကြောင်း Cus Nations သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

2026 British Open စနူကာပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဂျက်ဂျုန်းနှင့် ကမ္ဘာ့အဆင့်(၂) အင်္ဂလန်စနူကာကစားသမားဆဲလ်ဘိုင်တို့ ကစားခဲ့ရာ ၁၀ ပွဲ ခြောက်ပွဲဖြင့် ဂျက်ဂျုန်းက အနိုင်ရပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဂျက်ဂျုန်းသည် ကွာတားဖိုင်နယ်အဆင့်တွင် အိုင်ယာလန်အဆင့်(၁) စနူကာကစားသမား အာရွန်ဟေးလ်ကို ငါးပွဲ လေးပွဲ၊ ဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၁)ဟောင်း အင်္ဂလန်စနူကာ ကစားသမား ဂျူ့စ်ထရန့်ကို ခြောက်ပွဲ သုံးပွဲဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်တွင်လည်း ဆဲလ်ဘိုင်ကို ၁၀ပွဲ ခြောက်ပွဲဖြင့် အနိုင်ရကာ ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဂျက်ဂျုန်းသည် ယခုနှစ် ဇန်နဝါရီလကလည်း ချန်ပီယံရှစ်လိဂ်စနူကာပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့ပြီး ယခုအခါတွင်လည်း စနူကာပြိုင်ပွဲများတွင် ထိပ်တန်းအဆင့်ရှိ ပြိုင်ပွဲဖြစ်သည့် 2026 British Open စနူကာပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

2026 British Open စနူကာပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သည့် ဂျက်ဂျုန်းအနေဖြင့် ကမ္ဘာ့အဆင့်(၂၂)နေရာသို့ ရောက်ရှိလာခဲ့ကြောင်းသိရသည်။

Ref : Cus Nations
Trs : STA

## မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)နောက်ဆုံးပွဲစဉ်တွင် စစ်ကိုင်းယူနိုက်တက်အသင်းက ISPE အသင်းကို လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၇**

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၃နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ Sunset အားကစားကွင်းတွင် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ စစ်ကိုင်းယူနိုက်တက်အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်ကို အစောပိုင်းက ညနေ ၃ နာရီခွဲတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ရန်ကုန်မြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ပွဲစဉ်ကစားရန် အခက်အခဲရှိနေသည့်အတွက် ၁၅ မိနစ်ရွှေ့ဆိုင်းခဲ့ကာ ၃ နာရီ ၄၅ မိနစ်မှသာ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက စစ်ကိုင်းယူနိုက်တက်အသင်းက ဖိအားပေးကစားခဲ့ပြီး ပွဲချိန် ၁၃ မိနစ်တွင် ရာဇာအောင်၊ ပွဲချိန် ၁၇ မိနစ်တွင် ကောင်းမြတ်သူတို့က စစ်ကိုင်းယူနိုက်တက် အသင်းအတွက်ဦးဆောင်ဂိုးများ သွင်းယူခဲ့ပြီး ပထမပိုင်းတွင် စစ်ကိုင်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ISPE အသင်း၏ ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲချိန် ၄၉ မိနစ်တွင် ရာဇာအောင်နှင့် ပွဲချိန် ၅၅ မိနစ်တွင် ထူးဝေယံတို့က စစ်ကိုင်းယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများထပ်မံသွင်းယူခဲ့ပြီး ပွဲချိန် ၇၉ မိနစ်တွင် ကောင်းမြတ်ငြိမ်းနှင့် ပွဲချိန် ၈၃ မိနစ်တွင် မာတီးနိုတို့က ISPE အသင်းအတွက် ချေပဂိုးနှစ်ဂိုး ပြန်လည် သွင်းယူခဲ့ပြီးနောက် ပွဲပြီးဆုံးချိန်တွင် စစ်ကိုင်းယူနိုက်တက်အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

## ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌသစ်ရွေးကောက်ပွဲကို လက်ရှိဥက္ကဋ္ဌ အင်ဖန်တီနိုဝင်ရောက်ယှဉ်ပြိုင်မည်

**ဇူးရစ် စက်တင်ဘာ ၇**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌအင်ဖန်တီနိုက လာမည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသစ် ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဟု အတည်ပြုခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌသက်တမ်းတစ်ခုအတွက် ငါးနှစ် သတ်မှတ် ထားသောကြောင့် လက်ရှိဥက္ကဋ္ဌ အင်ဖန်တီနိုက ယခုနှစ်အကုန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည့် အတွက် ဥက္ကဋ္ဌသစ် ရွေးကောက်ပွဲကိုလာမည့် ၂၀၂၇ ခုနှစ် မတ်လတွင် ကျင်းမည်ဖြစ်သည်။

လက်ရှိတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသစ် ရွေးကောက်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်သူများ စာရင်း ထွက်ပေါ်ခြင်းမရှိသေးသော်လည်း လက်ရှိဥက္ကဋ္ဌ အင်ဖန်တီနိုက ဖီဖာကွန်ဂရက် အစည်းအဝေးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟုအတည်ပြုခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက အင်ဖန်တီနိုသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌသစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိရန် ရေပန်းစားနေသော်လည်း ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ကမ္ဘာ့ဖလားပြိုင်ပွဲကို ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခု တည်ထောင်ပြီး ရှယ်ယာသတ်မှတ် ရောင်းချမည့် အစီအစဉ်ကို ကြေညာခဲ့ပြီးနောက် ၎င်းကို အားပေးထောက်ခံမှုများ လျော့နည်း လာခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

## အေအက်ဖ်စီဖလားပြိုင်ပွဲ ခြေစစ်ပွဲအဖြစ်ကစားမည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် Ezra အသင်းတို့ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**




အေအက်ဖ်စီ ဖလားပြိုင်ပွဲ ခြေစစ်ပွဲအဖြစ်ကစားမည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် လာအိုကလပ် Ezra အသင်းတို့ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ အခမ်းအနားသို့ ရန်ကုန်ယူနိုက်တက်အသင်းနည်းပြ မာဆယ်လို၊ အသင်းခေါင်းဆောင် ဒေးဗစ်ထန်း၊ Ezra အသင်းနည်းပြ လီယက်ဗီဆိုင်း၊ အသင်းခေါင်းဆောင် ဆီဖုန်ဖန်တို့တက်ရောက်ပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုများကို အသီးသီးဖြေကြားခဲ့ကြသည်။

ရန်ကုန်ယူနိုက်တက် အသင်းနည်းပြ မာဆယ်လိုက "မနှစ်က ရန်ကုန်ယူနိုက်တက် အသင်းနဲ့ Ezra အသင်းတို့ ကစားခဲ့တဲ့ပွဲကို ကျွန်တော် ပြန်ကြည့်ပြီးပါပြီ။ အခုက ကျွန်တော်တို့အသင်းမှာ အပြောင်းအလဲတွေ အများကြီး လုပ်ဆောင် ထားပါတယ်။ ကျွန်တော်တို့ Ezra အသင်းကို အနိုင်ရရှိအောင် ကစားသွားမှာပါ" ဟုပြောကြားခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက League Cup ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ပြီးနောက် အေအက်ဖ်စီဖလားပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းနှင့်Ezra အသင်းတို့ အေအက်ဖ်စီဖလားပြိုင်ပွဲ ခြေစစ်ပွဲကို စက်တင်ဘာ ၈ ရက်တွင် လာအိုနိုင်ငံတွင် ကစားရမည်ဖြစ်သော်လည်း လာအိုနိုင်ငံတွင်ကစားရန် အဆင်မပြေဖြစ်ခဲ့သည့်အတွက် ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်းတွင် ကစားမည်ဖြစ်ကြောင်းသိရသည်။ STA

# အင်ဒိုနီးရှားနိုင်ငံ အာနက်ကရာကာတောင်မီးတောင် ပေါက်ကွဲပြီး ပြာမှုန်များပျံ့လွင့်နေသဖြင့် လေဆိပ်ရှစ်ခုမှ လေယာဉ်ခရီးစဉ်များ ခေတ္တရပ်ဆိုင်းခဲ့ရ



**ဂျကာတာ စက်တင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံရှိ အာနက်ကရာကာတောင်မီးတောင် ယနေ့တွင် ပေါက်ကွဲပြီး ပြာမှုန်များပျံ့လွင့်နေသဖြင့် လေဆိပ်ရှစ်ခုမှ လေယာဉ်ခရီးစဉ်များ ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

မီးတောင်ပေါက်ကွဲမှုမှ ထွက်လာသောပြာမှုန်များ ကောင်းကင်ယံတွင်ပျံ့နှံ့ခဲ့ပြီး လေဆိပ်ရှစ်ခုမှ လေယာဉ်ခရီးစဉ် ၁၅၀၀ ကျော် ခေတ္တရပ်ဆိုင်းခဲ့ရကာ ခရီးသည် ၁၇၀၀၀၀ ခန့် ခရီးစဉ်ကြန့်ကြာခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် အာနက်ကရာကာတောင်မီးတောင်မှ ထွက်သောမီးတောင်ပြာများသည် ဂျာဗားကျွန်းဘက်ခြမ်းတွင် အမြင့်ပေ ၂၀၀၀၀ ထိ၊ ဘန်တန်ပြည်နယ်နှင့် ဆူမတြားပြည်နယ်ဘက်ခြမ်းတို့တွင် ပေ ၅၀၀၀၀ ထိ ပျံ့လွင့်ခဲ့ကြောင်း အင်ဒိုနီးရှား မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒ အေဂျင်စီ(BMKG)က ထုတ်ပြန်ခဲ့သည်။

မီးတောင်ပြာများကြောင့် ဒေသခံများ မျက်လုံးယားယံမှုများ ဖြစ်ပွားခဲ့သဖြင့် အာဏာပိုင်များက ပြည်သူများကို နှာခေါင်းစည်းနှင့် မျက်လုံးအကာအကွယ်များ အသုံးပြုရန်၊ ပြင်ပလှုပ်ရှားမှုများ လျှော့ချရန်၊ မီးတောင်ပြာများကြောင့် မြင်ကွင်းမရှင်းလင်းနိုင်သဖြင့် ယာဉ်မောင်းနှင်ရာတွင် သတိထားရန်၊ မီးတောင်ဝန်းကျင်ရှိကျောင်းအချို့ ပိတ်ထားပြီး ကျောင်းသားများကို ယနေ့မှစ၍ အွန်လိုင်းမှ သင်ကြားရန် ညွှန်ကြားထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဂရိနိုင်ငံအနောက်မြောက်ဘက်ပိုင်းတွင် လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ

**အေသင် စက်တင်ဘာ ၇**

ဂရိနိုင်ငံ အနောက်မြောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး ရာသီဥတုပူပြင်းခြောက်သွေ့သည့်အတွက် တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ဂရိမီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးကို မြေပြင်မှ မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၁၅၀ ထိ အသုံးပြုထားပြီး အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် ကြိုးစားပေးနေကြောင်း၊ လေကြောင်းအကူအညီလည်း ရယူထားကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင် အင်အားအမြောက်အမြား အသုံးပြုထားသည့်အပြင် မြေပြင်မှတောမီးကို ငြိမ်းသတ်ရာတွင် မီးသတ်ယာဉ် ၄၈ စီးထိ အသုံးပြုထားကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ကြိုးစားပေးနေကြောင်း မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ကိုနစ်ဆာမြို့အနီးမှာ တောမီး လောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါ



တယ်။ ရာသီဥတုပူပြင်းခြောက်သွေ့တဲ့အတွက်ကြောင့် တောမီးကူးစက်လောင်ကျွမ်းမှု မြန်ဆန်နေပြီးတော့ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ လူနေအိမ်တွေဆီကို ကူးစက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ ကျော် အသုံးပြုထားပြီးတော့ မီးသတ်ယာဉ် ၄၈ စီးနဲ့ လေကြောင်းအကူအညီ ရယူထားပါတယ်"ဟု ဂရိမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# တောင်အာဖရိကနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**ပရီတိုးရီးယား စက်တင်ဘာ ၇**

တောင်အာဖရိကနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း တောင်အာဖရိကမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် ကျိုဟန်းစ်ဘတ်မြို့နယ် ဒွန်ဖွန်တိန်ဇရီယာတွင် ဖြစ်ပေါ်နေပြီး ၎င်းဇရီယာအတွင်းရှိ လူနေအိမ်များနှင့် လမ်းမကြီးများ ရေလွှမ်းနေသည့်အတွက် လမ်းမကြီးများကို ယာယီပိတ်ထားကြောင်း၊ ဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားပြီး ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ နေရာချပေးနေကြောင်း တောင်အာဖရိကနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ဒွန်ဖွန်တိန်ဇရီယာမှာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီးတော့ လူနေအိမ်တွေ ရေလွှမ်းနေပါတယ်။ လမ်းမကြီးတွေလည်း ရေလွှမ်းနေပါတယ်။ ရေလွှမ်းနေတဲ့လမ်းမကြီးတွေကို အသုံးပြုရင် အန္တရာယ်ရှိနိုင်တဲ့အတွက်ကြောင့် ယာဉ်ထိန်းရဲတွေကို နေရာသတ်မှတ်ပေးပြီးတော့ စောင့်ကြည့်မှုတွေပြုလုပ်နေပါတယ်။ ရေလွှမ်းနေတဲ့လမ်းတွေကို မော်တော်ယာဉ်တွေနဲ့ ဖြတ်သန်းသွားလာရင် အသက်အန္တရာယ်ရှိနိုင်ပါတယ်။ ဒေသခံတချို့ဟာ စည်းကမ်းမလိုက်နာဘဲ ရေလွှမ်းနေတဲ့နေရာတွေကို ဖြတ်သန်းမောင်းနှင်ခဲ့ပြီး မော်တော်ယာဉ်ရေမြုပ်သွားတဲ့ ဖြစ်စဉ်တွေလဲရှိနေတယ်။ အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ်ပေးခဲ့ရတယ်"ဟု မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# သီရိလင်္ကာနိုင်ငံတွင် အယ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့် မိုးခေါင်ရေရှားပါးမှု ပြဿနာဖြင့် ရင်ဆိုင်လာရ

**ကိုလံဘို စက်တင်ဘာ ၇**

သီရိလင်္ကာနိုင်ငံတွင် အယ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့် မိုးခေါင်ရေရှားမှု ပြဿနာဖြင့် ရင်ဆိုင်လာရကြောင်း သီရိလင်္ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အရှေ့တောင်အာရှနိုင်ငံအများစုတွင် အယ်နီညိုရာသီဥတုဖြင့် ရင်ဆိုင်နေရပြီး ၎င်းနိုင်ငံများအနက် အယ်နီညိုရာသီဥတုဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့်နိုင်ငံမှာ သီရိလင်္ကာနိုင်ငံဖြစ်ကြောင်း၊ သီရိလင်္ကာနိုင်ငံမိုးခေါင်မှုကြောင့် အခက်အခဲများဖြင့် အဓိကရင်ဆိုင်နေရသည့် ကဏ္ဍမှာ စိုက်ပျိုးရေးကဏ္ဍဖြစ်ပြီး တောင်သူများ အဖွဲ့အစည်းက ပူးပေါင်းကာ ရေလုံလောက်စွာရရှိနိုင်ရေးအတွက် ဆောင်ရွက်သွားရန် စီစဉ်နေပြီဖြစ်ကြောင်းလည်း တောင်သူများ အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"မိုးခေါင်မှုအခြေအနေကတော့ တော်တော်လေးကို ရိုက်ခတ်မှုပြင်းထန်ပါတယ်။ စိုက်ပျိုးရေးသမားတွေအတွက် အရေးပေါ်အခြေအနေဖြစ်သလို ရေရရှိရေးအတွက်လည်း မဖြစ်မနေဆောင်ရွက်သွားဖို့ လိုအပ်နေပါတယ်။ ဒီလိုအခြေအနေမျိုး တစ်ခါမှ မကြုံဖူးသေးပါဘူး။ မိုးခေါင်မှုအပြင် မြေအောက်ရေကပါ ခန်းခြောက်လာတဲ့ အတွက်ကြောင့် စိုက်ပျိုးရေးသမားတွေ တော်တော်လေးကို အခက်တွေ့နေပါတယ်။ ဒါကြောင့်လည်း တောင်သူများအဖွဲ့အစည်းက ရေရရှိရေးအတွက် ဆောင်ရွက်သွားဖို့ ဆွေးနွေးပြီးဖြစ်ပါတယ်"ဟု သီရိလင်္ကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

သောက်သုံးရေများအတွက် ရေတွင်းများတူးကာ ရေရရှိရေးအတွက် ဆောင်ရွက်နေသော်လည်း မြေအောက်ရေထု အရင်းအမြစ်ခန်းခြောက်လာ၍ ရေတွင်းများတွင်လည်း လုံလောက်သည့် သောက်သုံးရေမရရှိသည့်အတွက် သောက်သုံးရေကို အကန့်အသတ်ဖြင့်သာ သုံးစွဲနေရကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံတွင် ဩဂုတ်လအတွင်း အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း လေးကြိမ် တိုက်ခတ်ပြီး လူ ၄၃ ဦးသေဆုံးခဲ့

**မနီလာ စက်တင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံတွင် ဩဂုတ်လအတွင်း အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း လေးကြိမ်တိုက်ခတ်ပြီး လူ ၄၃ ဦးသေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဩဂုတ်လအတွင်း အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း လေးကြိမ်တိုက်ခတ်မှုကြောင့် လူသေဆုံးမှုများဖြစ်ပေါ်ခဲ့သည့်အပြင် စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုသည်လည်း အမေရိကန်ဒေါ်လာ ၁၉၀ ဒသမ ၁ သန်းခန့်ရှိခဲ့ကြောင်း ဖိလစ်ပိုင်အရပ်ဘက် ကာကွယ်ရေးရုံးက ထုတ်ပြန်ခဲ့သည်။

အဆိုပါ သဘာဝဘေးများကြောင့် လူဦးရေ ၂၀ ဒဏ်ရာရရှိပြီး ငါးဦး ပျောက်ဆုံးနေဆဲဖြစ်ကာ ရွာပေါင်း ၆၉၀၀ ခန့်မှ အိမ်ထောင်စု ၂ ဒသမ ၉ သန်းကျော် ထိခိုက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် လူနေအိမ် ၄၅၀၀ ခန့် ပျက်စီးခဲ့ပြီး ၎င်းတို့အနက် ၃၉၀၀ ခန့်မှာ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ကာ ၅၈၅ လုံးမှာ လုံးဝပျက်စီးခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပထဝီအနေအထားသည် ပစိဖိတ်သမုဒ္ဒရာအတွင်း တိုင်ဖွန်းမုန်တိုင်းများ မကြာခဏဖြတ်သန်းတိုက်ခတ်ရာ အရပ်ဒေသတွင် တည်ရှိသဖြင့် မုတ်သုံမိုးနှင့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းများကြောင့် နှစ်စဉ် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် လေပြင်း တိုက်ခတ်ခြင်းများ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အမွေရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလစတုတ္ထပတ်အတွင်း မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်




**ရန်ကုန် စက်တင်ဘာ ၇**

H&L နှင့် ခတ္တိယ ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းစီစဉ် ထုတ်လုပ်သည့် အမွေရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလစတုတ္ထပတ်အတွင်း မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးထားသူ ဒါရိုက်တာ ဩရသထံမှ သိရသည်။

အဆိုပါ အမွေ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဇင်အောင်၊ လွင်မင်းအံ့တို့က ရေးသားထားကာ လွင်မင်းအံ့က ဇာတ်ညွှန်း ရေးသားထားပြီး ဒါရိုက်တာ ဩရသက H&L နှင့် ခတ္တိယ ရုပ်ရှင်ထုတ်လုပ်ရေးတို့အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဂုဏ်ပကာသနတွေရဲ့ နောက်ကွယ် မေတ္တာမပါတဲ့ စံအိမ်ကြီးထဲမှာ လောဘတွေ ရေချိန်မြင့်တက်လာရင်း သွေးရင်းသားရင်းဆိုသူတွေရဲ့ ဖုံးကွယ်ထားတဲ့ မျက်နှာဖုံးတွေ၊ ငွေကြေးကိုရှေ့တန်းတင်ခဲ့ကြတဲ့ နောက်ဆက်တွဲ ပြဿနာတွေနဲ့အတူ အမွေရပိုင်ခွင့် လက်တစ်လုံးခြား လှည့်ကွက်တွေကြား မြန်မာနိုင်ငံရဲ့ ထိပ်တန်းစီးပွားရေး အင်ပါယာပိုင်ရှင်ကြီးတစ်ယောက်ရဲ့ အမွေကို ဆက်ခံသွားမဲ့သူက ဘယ်သူဖြစ်လာမလဲဆိုတာ အမွေ ရုပ်ရှင်ဇာတ်ကားမှာ ရင်တထိတ်ထိတ်ကြည့်ရှုခံစားရတော့မှာပါ" ဟု ဒါရိုက်တာဩရသက ပြောပြသည်။

အဆိုပါ အမွေ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ နေအောင်၊ ဇင်အောင်၊ နော်ဖော့အယ်ထား၊ ဝါဆိုမိုးဦး၊ ယမင်းမေဦး၊ စိုးမိုးကြည်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# စက်တင်ဘာ ၁၁ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် လွှန် ရုပ်ရှင်ဇာတ်ကား Family Show ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၇**

စက်တင်ဘာ ၁၁ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် လွှန် ရုပ်ရှင်ဇာတ်ကား Family Show ကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ မင်္ဂလာဝဇီရာရုပ်ရှင်ရုံ၌ စက်တင်ဘာ ၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွှန် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အောင်ချမ်းသာက ရေးသားထားပြီး ဒါရိုက်တာ နေပိုင်ကကောင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် အကောင်းဆုံး ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီကားက မကြာခင်ရုံတင်မှာမို့ အနုပညာအသိုင်းအဝိုင်းက အကုန်လုံးဖိတ်ပြီးတော့ လှိုင်သာယာမှာ ပြသဖြစ်တာပါ။ အလှူလေးလဲ လုပ်ဖြစ်တာပေါ့။ ပထမ မြေစာဇာတ်ကားတုန်းကလဲ ဒီရုံမှာပြသခဲ့တာပါ။ ဒီဇာတ်ကားကတော့ မြေစာရိုက်ပြီး နောက်မှာ ရိုက်ခဲ့တဲ့ကားပါ။ ပုဂံနေပူပူမှာ ရိုက်ကူးခဲ့တာပါ။ သားသမီးနဲ့မိဘရဲ့ချစ်ခြင်းမေတ္တာတွေ ဒီကားမှာ တွေ့ရမှာပါ။ သားအဖ သံယောဇဉ်တွေလဲ ပါပါတယ်"ဟု ဒါရိုက်တာနေပိုင်က ပြောပြသည်။



လွှန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ရဲအောင်၊ တိုင်ရွှန်၊ ဖော်ဝင်းနိုင် (မန်း)၊ ဖော်ဦး၊ ထူးသာ၊ ထူးပြည့်အောင်၊ အာလူး၊ ဒိုပေါက်၊ ခတ်ဖူး၊ ရွှေတိုး၊ ဈာန်လေးမာန်၊ ဝင့်ယမုံနိုင်၊ သံသာမိုးသိမ့်၊ ခင်မို့မို့အေး၊ ဂျူးဂျူးဇော်၊ အေးပြည့်ဝေ၊ ခြူးခြူး၊ ခိုင်သဇင်၊ မနှင်းဝေ၊ ကလေးသရုပ်ဆောင်-သူရိန်ထက်အောင်၊ ရဲရဲ၊ အိန္ဒြေသွန်းဆက်၊ ဆုမွန်အောင်(မင်းနန်သူ)နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Screen Gems ၏ Pulse ဇာတ်ကားကို ဒါရိုက်တာ ဒေ့ဘွိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်

**နယူးယောက် စက်တင်ဘာ ၇**

Screen Gems ရုပ်ရှင်ကုမ္ပဏီ၏ Pulse အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားကို ဒါရိုက်တာ ဒေ့ဘွိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ဂျပန်ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သည့် Pulse ဇာတ်ကားကို ပြန်လည်ဆန်းသစ် ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Screen Gems ရုပ်ရှင်ကုမ္ပဏီ၏ Pulse ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ လုပီအိုထရိုးစကီးက တာဝန်ယူရေးသားပေးမည် ဖြစ်ကြောင်း သိရသည်။

Pulse ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Screen Gems ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲ ဖြစ်ကြောင်း သိရသည်။

Pulse ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် သူများကိုလည်း ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

ဒါရိုက်တာ ဒေ့ဘွိုင်းသည် Magnolia Pictures ကုမ္ပဏီ၏ Never After Dark သဘာဝလွန် လျှို့ဝှက်ဆန်းကြယ် ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

Never After Dark ဇာတ်ကားကို လာမည့် စက်တင်ဘာ ၂၅ ရက်တွင် စတင်ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# Skins Game ခရီးသွားဒရာမာဇာတ်ကား၌ မင်းသား ဖောရက်ဂွတ်လပ် ပါဝင်လာ

**အော့တဝါ စက်တင်ဘာ ၇**

Skins Game အမည်ရှိ ခရီးသွားဒရာမာ ဇာတ်ကား၌ ဖောရက်ဂွတ်လပ်လည်း ပါဝင်လာကြောင်း စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

မင်းသား ဖောရက်ဂွတ်လပ်သည် The Revenant ဇာတ်ကားဖြင့် ထင်ရှားလာသည့် မင်းသားဖြစ်ကြောင်း သိရသည်။

Skins Game ဇာတ်ကားတွင် ဖောရက်ဂွတ်လပ်သည် မင်းသား ဖိလစ်ဖောရက်လီဝစ်စကီး၊ ဂျီအယ်ဒီမွန့်ဂရန့်၊ ဝီလျံဘဲလု၊ မင်းသမီးကာမင်မိုးတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Skins Game ဇာတ်ကားကို ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့နှင့် ဘရစ်တစ်ကိုလံဘီယာတို့၌ စတင်ရိုက်ကူးနေပြီဖြစ်သည်။

Skins Game ဇာတ်ကားကို ဒါရိုက်တာ ဂျွန်ဘီအဲလေ့က တာဝန်ယူ ရိုက်ကူးနေခြင်းဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျပ်စတင်နီအယ်က ရေးသားပေးထားသည်။

အဆိုပါ ဇာတ်ကားသည် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူ ဌာနေတိုင်းရင်းသားလူငယ်နှစ်ဦး နယူးမက္ကဆီကို ပြည်နယ်သို့ ကုန်းလမ်းခရီးဖြင့် သွားရောက်မှုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဒရာမာ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# Marcelo in the Real World ဇာတ်ကား၌ အီဗာလွန်ဂိုရီးရားနှင့် ယူဂျင်နီယိုဒါဘက်တို့ပါဝင်မည်

**မွန်တီဗီဒီယို စက်တင်ဘာ ၇**

Marcelo in the Real World ဇာတ်ကား၌ မင်းသမီး အီဗာလွန်ဂိုရီးရားနှင့် မင်းသား ယူဂျင်နီယိုဒါဘက်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

Marcelo in the Real World ဇာတ်ကားသည် အော်တစ်ဇင်ရောဂါသည် လူငယ်လေးတစ်ဦး လူ့အဖွဲ့အစည်း၏ စိန်ခေါ်မှုများကို ဖြတ်ကျော်ရန် ကြိုးပမ်းခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် စာရေးဆရာ ဖရန်စစ္စကိုအိတ်စတော့၏ Marcelo in the Real World ဝတ္ထုကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Marcelo in the Real World ဇာတ်ကားကို ဒါရိုက်တာ လူစီရာပူအန်ဇိုက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကိုလည်း အမျိုးသမီး ဒါရိုက်တာ လူစီရာပူအန်ဇိုကပင် တာဝန်ယူရေးသားပေးထားသည်။

Marcelo in the Real World ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းများကို ဥရုဂွေးနှင့် ဘော်စတွန်မြို့တော်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Wetlet Township plans to grow more than 4,000 acres of onions this year


An onion plantation seen in Wetlet Township.

**Wetlet September 7**

Local authorities in Wetlet Township of Sagaing Region earmarked cultivation of more than 4,000 acres of onions in the township this year, according to the township Agriculture Department.

During the 2026-2027 winter crop cultivation season, Wetlet Township plans to cultivate 4,503 acres of onions. Cultivation will be carried out from October to December this year.

"More than 4,000 acres of onions are planned to be cultivated in Wetlet Township during this year's winter crop cultivation season. We will make efforts to ensure that the planned acreage is fully cultivated. Onion cultivation will be carried out as usual. We are also making market linkages to help onion growers obtain good market prices," said Daw Khin San, Head of the Township Agriculture Department in Wetlet Township.

In Wetlet Township, the Township Agriculture Department will provide market linkages to help onion growers obtain good prices, provide technical assistance on proper storage methods to extend the shelf life of onions, and provide support for cultivation in accordance with Good Agricultural Practices (GAP) to produce quality onions.

It is reported that onion growers spend around K1.8 million per acre on onion cultivation, with an average yield of about 5,000 viss per acre.

Onions are widely cultivated in Sagaing Region. The townships with the largest onion cultivation areas are Monywa, Yinmabin, ChaungU, Shwebo and Myinmu. 206

# Plan underway to cultivate more than 8,000 acres of chickpea in Ayadaw Township this year

**Ayadaw September 7**

Ayadaw Township Agriculture Department stated that local farmers will plant more than 8,000 acres of chickpea as cold season crops in Ayadaw Township this year.

During the 2026-2027 winter crop cultivation season, Ayadaw Township plans to cultivate 8,194 acres of chickpeas. Cultivation will be carried out from October to December this year.

"More than 8,000 acres of chickpeas are planned to be cultivated in Ayadaw Township during this year's winter crop cultivation season. We will make efforts to ensure that the planned acreage is fully cultivated. Chickpea cultivation has been increasing year by year. In cooperation with farmers, we will provide the good-quality and pure seeds, necessary agricultural inputs and post-harvest technologies required to improve the yield and quality of pulse crops," said U Kyaw Soe, Head of the Township Agriculture Department in Ayadaw Township.

It is reported that farmers select and cultivate Yezin-8 and Yezin-11 chickpea varieties that are suitable for the local conditions and produce good yields. The cost of cultivating one acre of chickpeas is more than K300,000.

During this year's winter crop cultivation season, efforts are being made in cooperation with farmers to provide good-quality and pure seeds, necessary agricultural inputs and post-harvest technologies to improve the yield and quality of various pulse crops. In addition, awareness-raising and educational activities will be carried out by linking extension farmers with farmers to encourage the use of beneficial Trichoderma fungi in pulse cultivation.

Sagaing Region has the largest area under cultivation and production of various pulses in the country. In addition to being able to cultivate various pulse crops as major crops, farmers can also grow them as multiple or intercropped crops. Therefore, farmers in the region continue to cultivate pulses as income-generating crops. 206

# Mawlamyinegyun Township supplies feather back fish to Yangon market in August

**Mawlamyinegyun September 7**

Local merchants from Mawlamyinegyun Township of Ayeyawady Region sent a largevolume of feather back fish to Yangon marketin August, said Daw Su Su Htwe, the feafood trader from Mawlamyinegyun Township.

Mawlamyinegyun Township aquatic product traders are systematically inspecting featherback fish before transporting and selling them to the Yangon market. In July this year, only 42,000 viss of featherback fish could be shipped and sold, while from 1 to 31 August, shipments increased to as much as 55,000 viss.

"Shipments of featherback fish to the Yangon market have been strong since around the first week of last month. During the past month, we shipped and sold as much as 55,000 viss of featherback fish. They are good-quality fish. Demand from the Yangon market for featherback fish was already strong in July. As larger quantities of fish are now being shipped, we have seen improved business conditions for everyone involved in the fisheries sector," said Daw Su Su Htwe.

Locally produced featherback fish shipped from Mawlamyinegyun Township to the Yangon market are fetching between K18,500 and K29,500 per viss. As aquatic product shipments from the area to the Yangon market have increased, dried-fish producers, fishermen and dried-fish workers are also benefiting from the stronger trade.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kyaukmyaung Sub-Township to cultivate more than 11,000 acres of groundnut in coming winter

**Kyaukmyaung September 7**

According to the sub-township Agriculture Department, local farmers will place more than 11,000 acres of croplands under groundnut plants in Kyaukmyaung Sub-Township of Sagaing Region in coming cold season.

During the 2026-2027 winter crop cultivation season, Kyaukmyaung Sub-Township plans to cultivate 11,012 acres of groundnut. Cultivation will be carried out from October to December this year.

"More than 11,000 acres of groundnut are planned to be cultivated in Kyaukmyaung Sub-Township during this year's winter crop cultivation season. We will make efforts to ensure that the planned acreage is fully cultivated. Groundnut cultivation has been progressing successfully. As an oilseed crop, groundnut cultivation is in a successful condition, and its cultivation has been increasing year by year," said Daw Po, Head of the Kyaukmyaung Sub-Township Agriculture Department.

In Kyaukmyaung Sub-Township, one and a half baskets of groundnut seeds are required to cultivate one acre. The cultivation cost, including seed, labour, fertilizer and pesticide costs, is more than K200,000 per acre, and the yield is more than 50 baskets per acre.

This year, staff from the Township Agriculture Department will conduct field inspections of groundnut plantations in Kyaukmyaung Sub-Township to ensure successful growth, prevent pest and disease infestations and keep the fields free of weeds. They will also carry out field surveillance and maintain records of their observations.

206

# YeU Township to plant more than 3,000 acres of sunflower this year



A thriving sunflower plantation in YeU Township.

**YeU September 7**

Local farmers decided to grow more than 3,000 acres of sunflower as cold season crops in YeU Township of Sagaing Region, according to the YeU District Agriculture Department.

During the 2026-2027 upcoming winter crop cultivation season, YeU Township plans to cultivate 3,708 acres of sunflower. Cultivation will be carried out from October to December this year.

"More than 3,000 acres of sunflower are planned to be cultivated in YeU Township during this year's upcoming winter crop cultivation season. We will make efforts to ensure that the planned acreage is fully cultivated. In order to reduce reliance on imported palm oil, we will make efforts to expand the cultivation of sunflower as an oilseed crop. Sunflower produces more oil per acre than other oil crops such as groundnut and sesame," said Daw Aye Nyein Thant, Head of the Township Agriculture Department in YeU Township.

In YeU Township, the Township Agriculture Department will step up educational training programmes to promote the expansion of sunflower cultivation. It will also intensify training programmes to enhance the capacity and skills of staff and farmers who will cultivate sunflowers.

This year, arrangements are being made to provide sunflower seeds to farmers in YeU Township, sell urea fertilizers at affordable prices, and distribute the resulting sunflower varieties through farmer-to-farmer seed exchange systems.

206

# Kyaiklat Township sells more than 50,000 viss of eels to Yangon market in August

**Kyaiklat September 7**

Daw Zar Zar Oo, the seafood trader from Kyaiklat Township in Ayeyawady Region, said that local merchants from Kyaiklat Township sold large volume of eels to Yangon market in August.

Kyaiklat Township exported and sold only 42,000 viss of eels to the Yangon market in July. In August, up to 55,000 viss of eels were exported and sold. The increase in eel shipments was attributed to strong demand for eels in the Yangon market.

"Eel shipments from this area increased significantly during August. Eels are classified into several sizes, while prices have remained relatively stable despite some fluctuations. Eels from this area are mainly transported and sold to Yangon. From Yangon, they are further distributed and sold to other domestic and foreign markets. As demand has strengthened, eel farmers, workers and people engaged in catching eels have seen improved business conditions," said Daw Zar Zar Oo.

It is reported that in August, the price of 10 viss of eels shipped and sold from Kyaiklat Township to the Yangon market reached as high as K225,000. The locally produced eels are mainly transported and sold to the domestic Yangon market and are subsequently distributed from Yangon to other regions and foreign markets.

Kyaw Kyaw Lin



This photo captures eels put in a tray at a market.

# Mawlaik District to plant more than 7,000 acres of soya bean

**Mawlaik September 7**

Statistics from Mawlaik District Agriculture Department in Sagaing Region stated that local farmers will grow more than 7,000 acres of soya bean as this year's cold season crops in the district.

During the 2026-2027 winter crop cultivation season, the township-wise cultivation targets for soybean in Mawlaik District are 388 acres in Mawlaik Township and 7,212 acres in Phaungpyin Township, totaling 7,600 acres.

"More than 7,000 acres of soybean are planned to be cultivated in Mawlaik District during this year's winter crop cultivation season. We will make efforts to ensure that the planned acreage is fully cultivated. Awareness-raising activities will also be carried out to prevent pest infestations. Farmers have also been encouraged to obtain the necessary seeds and to gain knowledge about soybean cultivation," said Daw Kywe Kywe Hlaing, Head of the District Agriculture Department in Mawlaik District.

In Mawlaik District, the Township Agriculture Departments will provide farmers cultivating soybeans with technical knowledge on obtaining good-quality and pure varieties suitable for local conditions, proper cultivation methods, prevention of pest infestations, systematic use of fertilizers and improvement of crop yields.

During this year's winter crop cultivation season, efforts are also being made in cooperation with farmers to provide the good-quality and pure seeds, agricultural inputs and post-harvest technologies necessary to improve the yield and quality of various pulse crops.

206

# 5 killed, 5 injured after Amazon cargo plane crashes at Miami airport

**New York September 7**

Five people were killed and five others injured after an Amazon cargo plane overran a runway and crashed at Miami International Airport on Sunday, authorities said.

The accident occurred at 1:58 p.m. local time (1758 GMT), Miami-Dade County Sheriff Rosie Cordero-Stutz told a press conference.

Five people were hospitalized with injuries, according to Miami-Dade County Mayor Daniella Levine Cava.

Video footage showed thick smoke billowing from the aircraft.

The Miami-Dade Fire Rescue said on X that more than 60 units and approximately 200 firefighters responded to the scene.

In a statement, the Federal Aviation Administration (FAA) said Air Flight 7598 overran the runway after landing at the airport around 2 p.m. Eastern Time (1800 GMT) on Sunday.

The aircraft, a Boeing 767-300 cargo plane, had departed from Luis Munoz Marin International Airport in San Juan, Puerto Rico, the agency said, adding that an investigation would be carried out.

The aircraft "experienced an incident while attempting to land," Amazon spokesperson Kelly Nantel said in the FAA statement. "This is a fast-moving situation and we're still gathering details."

Xinhua

# Iran to announce "restricted zone" outside Hormuz Strait: top security official

**Tehran September 7**

Secretary of Iran's Supreme National Security Council Mohsen Rezaei has said that his country would announce a restricted zone outside the Strait of Hormuz in the coming days and place any ship attempting to transit the area on Tehran's sanctions list.

In an interview with state-run IRIB TV, which was broadcast Sunday night, Rezaei said that the zone would extend from "the line where the U.S. naval blockade begins to the Strait of Hormuz region and inside the Persian Gulf on the other side (of the strait)."

Ships that enter the zone without coordination with Iran, he added, would face sanctions affecting their insurance coverage and future passage through the waterway.

Rezaei framed the move as part of a broader strategic shift in Iran's approach to war and diplomacy, aiming at increasing pressure on Washington.

The security official stressed that the Strait of Hormuz is completely closed, dismissing the U.S. claim that ships and oil tankers are crossing the waterway as a "lie."

While acknowledging that some vessels attempt to cross the strait via a route near Oman, often switching off their navigation systems to evade detection, Rezaei said most of those ships "receive blows."

Yet he added that Iran does not intend to sink them for now due to environmental concerns.

Rezaei further revealed that Iran had test-fired for the first time a domestically developed anti-destroyer missile above a U.S. aircraft carrier 48 hours ago, describing it as a warning that the U.S. naval blockade is vulnerable.

Xinhua

# ဂျပန်နိုင်ငံက ရေအောက်မှပစ်လွှတ်နိုင်သည့် ဟိုက်ပါဆောနစ်ဒုံးကျည်ကို တီထွင်ထုတ်လုပ်ရန်စီစဉ်နေ



ဂျပန်နိုင်ငံသည်ရေအောက်မှပစ်လွှတ်အသုံးပြုနိုင်သည့် ဟိုက်ပါဆောနစ်ဒုံးကျည်သစ်တစ်မျိုးကို တီထွင်ထုတ်လုပ်ရန် စီစဉ်နေကြောင်း Next Gen Defense သတင်းဌာနက စက်တင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအစီအစဉ်ကို ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၇ ခုနှစ် ကာကွယ်ရေးဘတ်ဂျက်တောင်းခံမှုတွင် ထည့်သွင်းဖော်ပြထားပြီး ရေကြောင်းအခြေပြု တာဝေးပစ် တိုက်ခိုက်ရေးစွမ်းရည်ကို တိုးမြှင့်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

ယခုစီမံကိန်း၏ အဓိကထူးခြားချက်မှာ ဒုံးကျည်ကို မြေပြင် သို့မဟုတ် လေယာဉ်မှသာ ပစ်လွှတ်ခြင်းမဟုတ်ဘဲ ရေအောက်မှ ပစ်လွှတ်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ရေငုပ်သင်္ဘောကဲ့သို့ ရေအောက်တွင် လှုပ်ရှားနိုင်သည့် ပလက်ဖောင်းမှ ဒုံးကျည်ပစ်လွှတ်နိုင်ပါက ရန်သူက ပစ်လွှတ်မည့်နေရာကို ကြိုတင်ရှာဖွေသိရှိရန်ခက်ခဲနိုင်ပြီး ဂျပန်၏ တိုက်ခိုက်ရေးနှင့် ဟန့်တားရေးစွမ်းရည်ကိုလည်း တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။

ဂျပန်၏ လက်ရှိကာကွယ်ရေးမူဝါဒတွင် ရန်သူ၏တိုက်ခိုက်မှုကို ကြိုတင်ဟန့်တားနိုင်ရေးနှင့် တိုက်ခိုက်ခံရပါက အဝေးမှ ပြန်လည်တုံ့ပြန်နိုင်ရေးအတွက် Long-Range Stand-off Weapon များ တပ်ဆင်ရေးကို ပိုမိုအလေးထားလာသည်။ ထို့ကြောင့် ရေအောက်မှ ပစ်လွှတ်နိုင်သည့် ဟိုက်ပါဆောနစ်ဒုံးကျည်သည် ဂျပန်၏ ရေကြောင်းအခြေပြု တာဝေးတိုက်စွမ်းအားကို ပိုမိုတိုးမြှင့်ပေးမည့် စနစ်တစ်ရပ်ဖြစ်လာနိုင်သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် ရေငုပ်သင်္ဘောများအတွက် ဒုံးကျည်ပစ်လွှတ်နိုင်သည့် ဒေါင်လိုက်ပစ်လွှတ်မှုနည်းပညာကိုလည်း တိုးတက်လုပ်ဆောင်နေသည်။ ထိုသို့သော ရေငုပ်သင်္ဘောတွင် ဒေါင်လိုက်ပစ်လွှတ်မှုစနစ်များ တပ်ဆင်လာနိုင်ပါက ခရုဇ်ဒုံးကျည်နှင့် ဟိုက်ပါဆောနစ်ဒုံးကျည်များကို ရေအောက်မှ ပစ်လွှတ်နိုင်မည့် အခြေခံစွမ်းရည် ပိုမိုတိုးတက်လာနိုင်သည်။

ထို့ပြင် ဂျပန်သည် ဟိုက်ပါဆောနစ်ဒုံးကျည်များအပြင် တာဝေးပစ်ခရုဇ်ဒုံးကျည်များ၊ တိုက်ခိုက်ရေးဒရုန်းများနှင့် မောင်းသူမဲ့ရေအောက်ရေယာဉ် (UUV) များကိုပါ ထုတ်လုပ်ရန်စီစဉ်နေသည်။ ရေအောက် မောင်းသူမဲ့ယာဉ်များမှ တာဝေးပစ်ဒုံးကျည်များ ပစ်လွှတ်နိုင်ရေးကိုလည်း လေ့လာနေခြင်းကြောင့် ဂျပန်၏ အနာဂတ်တိုက်ခိုက်ရေးစနစ်သည် မောင်းသူပါ ရေငုပ်သင်္ဘောများနှင့် မောင်းသူမဲ့ ရေအောက်စနစ်များကို ပေါင်းစပ်အသုံးပြုသည့်ပုံစံသို့ ပြောင်းလဲလာနိုင်သည်။

၂၀၂၇ ခုနှစ်အတွက် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၆ ဘီလီယံခန့်ရှိသည့် စံချိန်တင် ကာကွယ်ရေးဘတ်ဂျက်ကို တောင်းခံထားသည်။ အဆိုပါဘတ်ဂျက်တွင် AI နည်းပညာ၊ မောင်းသူမဲ့စနစ်များနှင့် တာဝေးတိုက်စွမ်းအားများကို အဓိက ဦးစားပေးထားပြီး ရေအောက်မှပစ်လွှတ်နိုင်သည့် ဟိုက်ပါဆောနစ်ဒုံးကျည်စီမံကိန်းသည်လည်း ၎င်းခေတ်မီစစ်ရေးစွမ်းရည်တိုးမြှင့်ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် အဆိုပါ ရေအောက်မှ ပစ်လွှတ်နိုင်သည့် ဟိုက်ပါဆောနစ်ဒုံးကျည်၏ အကွာအဝေး၊ ထိပ်ဖူးအမျိုးအစား၊ အင်ဂျင်စနစ်နှင့် တပ်ဆင်အသုံးပြုမည့် ရေငုပ်သင်္ဘောအမျိုးအစားတို့ကို အသေးစိတ်ထုတ်ပြန်ထားခြင်း မရှိသေးပေ။ ထို့ကြောင့် ယခုအဆင့်သည် အပြီးသတ်အသုံးပြုမည့် လက်နက်စနစ်တစ်ရပ်ကို ဝယ်ယူတပ်ဆင်ခြင်းထက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် စတင်ရန် ရည်ရွယ်ထားသည့်အဆင့်ဖြစ်သည်။

ရေအောက်မှ ပစ်လွှတ်နိုင်သည့် ဟိုက်ပါဆောနစ်ဒုံးကျည်စနစ် တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းလာခြင်းသည် ဂျပန်နိုင်ငံ၏ ပင်လယ်ပြင်အခြေပြု လက်နက်စွမ်းရည်တွင် အရေးပါသည့် ပြောင်းလဲမှုတစ်ရပ် ဖြစ်လာနိုင်သည်။ အထူးသဖြင့် ရေငုပ်သင်္ဘောများ၏ လှုပ်ရှားနိုင်မှုနှင့် ၎င်းဒုံးကျည်များ၏ မြန်ဆန်မှုတို့ကို ပေါင်းစပ်အသုံးပြုနိုင်ပါက ရန်သူ၏ ကာကွယ်ရေးစနစ်များအတွက် ပစ်မှတ်ရှာဖွေခြင်းနှင့် တုံ့ပြန်ခြင်းအပိုင်းတွင် ပိုမိုစိန်ခေါ်မှုရှိလာနိုင်ပြီး ဂျပန်၏ ရေကြောင်းအခြေပြု ဟန့်တားရေးစွမ်းရည်ကိုလည်း ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Japan Explores Underwater-Launched Hypersonic Missiles** ကို ဘာသာပြန်ဆိုထားပါသည်။

# အမေရိကန်နိုင်ငံ Mara ကုမ္ပဏီက FPV Drone များကိုတိုက်ဖျက်ရန် Spike တန်ပြန်ဒရုန်းရန်ကာကွယ်ရေးစနစ်တီထွင်လျက်ရှိ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားအခြေစိုက် Mara ကုမ္ပဏီက အသေးစား FPV Drone များကို တိုက်ဖျက်နိုင်ရန် Spike တန်ပြန်ဒရုန်းရန်ကာကွယ်ရေးစနစ်ကို တီထွင်လျက်ရှိကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Spike စနစ်တွင် ကင်းထောက်ခြင်းနှင့် ရှာဖွေခြင်းဟူသည့် အဓိကစနစ်နှစ်ခု ပါဝင်ပြီး အဆိုပါစနစ်နှစ်ခုကို သီးခြားအသုံးပြုနိုင်သကဲ့သို့ တစ်ခုနှင့်တစ်ခု ချိတ်ဆက်၍လည်း အသုံးပြုနိုင်သည်။ ကင်းထောက်ခြင်းသည် FPV Drone များကို ရှာဖွေ၊ ခြေရာခံပြီး ပစ်မှတ်သတ်မှတ်ပေးသည့်စနစ်ဖြစ်ကာ မျက်မြင်အာရုံခံစနစ်နှင့် အသံထောက်လှမ်းရေးစနစ်များအပြင် ရွေးချယ်အသုံးပြုနိုင်သည့် ရေဒါနှင့် ဉာဏ်ရည်တု(AI) နည်းပညာတို့ကို ပေါင်းစပ်အသုံးပြုထားသည်။

ကင်းထောက်စနစ်က တွေ့ရှိသည့် ပစ်မှတ်ကို ရှာဖွေခြင်းစနစ်က ကြားဖြတ်တိုက်ခိုက်ရန် တာဝန်ယူသည်။ ရှာဖွေခြင်းစနစ်သည် အလေးချိန် ဂရမ် ၂၅၀ ခန့်သာရှိသည့် အရွေ့စွမ်းအင်သုံးကြားဖြတ်တိုက်ခိုက်ရေးလက်နက်ဖြစ်ပြီး တစ်နာရီလျှင် အမြင့်ဆုံး ကီလိုမီတာ ၂၀၀ နှုန်းထိ ပျံသန်းကာ FPV Drone များကို ကြားဖြတ်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

Spike စနစ်၏ ထူးခြားချက်မှာ FPV Drone များကိုတုံ့ပြန်ရာတွင် သမားရိုးကျ အီလက်ထရွန်နစ်စစ်ဆင်ရေး နည်းလမ်းများကိုသာ အားကိုးခြင်းမပြုဘဲ ပစ်မှတ်ကို တိုက်ရိုက်တိုက်ခိုက်ဖျက်ဆီးသည့် အရွေ့စွမ်းအင်သုံး ကြားဖြတ်တိုက်ခိုက်ရေးလက်နက်ကို အသုံးပြုထားခြင်းဖြစ်သည်။ ထို့ပြင် ကင်းထောက်ခြင်းစနစ်က ပစ်မှတ်ကို အလိုအလျောက်သတ်မှတ်ပြီး ရှာဖွေခြင်းစနစ်ကို ပစ်လွှတ်ရန်အမိန့်ပေးနိုင်သော်လည်း လူသားအော်ပရေတာက လုပ်ဆောင်မှုကို ထိန်းချုပ်နိုင်သည့်စနစ်လည်း ပါဝင်သည်။

ရည်ရွယ်ချက်မှာ စျေးနှုန်းနည်းပါးသော်လည်း တိုက်ခိုက်နိုင်စွမ်းမြင့်မားသည့် FPV Drone များကို အလားတူ ကုန်ကျစရိတ်သက်သာသည့် ကြားဖြတ်စနစ်ဖြင့် တုံ့ပြန်နိုင်ရန်ဖြစ်သည်။ Spike စနစ်သည် သယ်ဆောင်နိုင်သည့်ပုံစံနှင့် ယာဉ်ပေါ်တပ်ဆင် အသုံးပြုနိုင်သည့်ပုံစံများအဖြစ် တီထွင်ထုတ်လုပ်လျက်ရှိပြီး လက်တွေ့စမ်းသပ်မှုများကို အမေရိကန်နှင့် ဥရောပဒေသများတွင် ပြုလုပ်လျက်ရှိကြောင်း သိရသည်။



Mara ကုမ္ပဏီသည် ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း Spike စနစ် တီထွင်ထုတ်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာခုနစ်သန်း ရင်းနှီးမြှုပ်နှံမှုရရှိထားပြီး စနစ်ကို လက်တွေ့အသုံးချနိုင်ရေး ဆက်လက်တိုးချဲ့ လုပ်ဆောင်လျက်ရှိသည်။ ကုမ္ပဏီ၏ အစီအစဉ်အရ မြေပြင်အခြေစိုက် Spike တန်ပြန်ဒရုန်းရန် ကာကွယ်ရေးစနစ်များကို ၂၀၂၆ ခုနှစ်အကုန်တွင် အမေရိကန်တပ်မတော်ထံ ပထမဆုံးလွှဲပြောင်းပေးအပ်ရန် စီစဉ်ထားပြီး ယာဉ်တင်ပုံစံ၊ လက်ဆွဲသယ်ဆောင်နိုင်သည့်ပုံစံများကို ၂၀၂၇ ခုနှစ်တွင် တိုးချဲ့လုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

Spike စနစ်သည် စျေးနှုန်းသက်သာပြီး အရေအတွက် များပြားစွာအသုံးပြုလာသည့် FPV Drone ခြိမ်းခြောက်မှုများကို ကုန်ကျစရိတ်သက်သာစွာဖြင့် လျင်မြန်စွာတုံ့ပြန်နိုင်ရန် တန်ပြန်ဒရုန်းရန်ကာကွယ်ရေး နည်းပညာများ ပြောင်းလဲတိုးတက်လာနေသည်ကို ပြသနေကြောင်း သိရသည်။

**California Firm Builds 'Spike' C-UAS to Hunt FPV Drones at 200 Km/H ကို** ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၅၀၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၅၀၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၅၀၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ကြက်သွန်နီ ၄၅၀၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ကြက်သွန်နီတွေ ထွက်ရှိတဲ့အခါ ရောင်းချတဲ့နေရာမှာ အဆင်ပြေစေဖို့လဲ ဈေးကွက်ချိတ်ဆက်ပေးတာတွေလဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်စီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ကြက်သွန်နီစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီများ ရောင်းချရာတွင် အဆင်ပြေစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကိုကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေး ကောင်းမွန်သည့် ကြက်သွန်နီများ စိုက်ပျိုးဖြစ်ထွန်းစေရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်စီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်တွင် အာလူးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**မအူပင် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် အာလူးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလွင်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် အာလူးများကို စက်တင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ အာလူးများ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၄၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ထွက်ရှိတဲ့ လက်ရှိအရောင်းအဝယ်ဖြစ်နေတဲ့ အာလူးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းတာ တွေ့ရပါတယ်။ အာလူးတွေ ဝယ်လိုအားကောင်းလာလို့ အရောင်းအဝယ်လဲ ကောင်းလာပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတော့ အာလူးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေလာတာကို တွေ့ရပါတယ်"ဟု မအူပင်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလွင်က ပြောပြသည်။



မအူပင်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၊ ၅၅၀၀၊ ၇၀၀၀ တို့ဖြင့် လတ်ဆတ်မှုနှင့် အရွယ်အစားပေါ်မူတည်ကာ ဈေးနှုန်းအနိမ့်အမြင့်ရှိကြောင်း၊ အဆိုပါဒေသမှ အာလူးများ ဝယ်ယူအားကောင်းမွန်ပြီး အရောင်းအဝယ်ကောင်းလာသည့်အတွက် အာလူးစိုက်သူများ၊ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ရွှေတောင်မြို့နယ် သပြေလှကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ရွှေတောင် စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေလှကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင် ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

သပြေလှကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဆက်လူ**




# မိုင်းဆတ်မြို့နယ် ဝိန်းကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး



**မိုင်းဆတ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝိန်းနေကျေးရွာအုပ်စု ဝိန်းကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၆ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နောင်ထွေးက ဝိန်းကောင်ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ မိသားစုဝင်ငွေတိုး လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်နိုင်စေရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးငွေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဝိန်းကောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၆၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝိန်းကောင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**




# တောင်ငူတက္ကသိုလ်တွင် လူငယ်တွေ့ဆုံပွဲကျင်းပ

တောင်ငူ စက်တင်ဘာ ၇

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၊ ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ၊ ပြည်တွင်းလူငယ်များ မိတ်သဟာယအသင်းနှင့် တောင်ငူတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှု အခမ်းအနားကိုယနေ့ နံနက်ပိုင်းက တောင်ငူတက္ကသိုလ်၌ ကျင်းပသည်။



အခမ်းအနားတွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ပြသပြီး တက်ရောက်လာသည့်ကဏ္ဍပေါင်းစုံမှ လူငယ်မောင်မယ်များက သိလိုသည်များကိုမေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် ပြည်တွင်းလူငယ်များ မိတ်သဟာယအသင်းမှ ဒေါက်တာဂူဂယောင်းဟွာက "အံ့ဩဖွယ်ကောင်းသော ရောဝတီ" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး တောင်ငူတက္ကသိုလ်အတွက် ဒုတိယဝန်ကြီး ဦးစစ်နိုင်က အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ တောင်ငူတက္ကသိုလ်မှ ခေတ္တပါမောက္ခချုပ် ဒေါ်စန်းစန်းမွေးက လက်ခံရယူသည်။

အခမ်းအနားတွင်ဖျော်ဖြေခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ယဉ်ကျေးမှု အကပွဲတော်တွင် မြန်မာ့ယဉ်ကျေးမှုအလှတရားများကို ကမ္ဘာ့စင်မြင့်ထက်တွင် အောင်ပွဲဆင်ခဲ့သော ပြည်တွင်းလူငယ်များ မိတ်သဟာယအသင်း၏ Azalea Stars အကအဖွဲ့ကို ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ပဲခူးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဒေါက်တာထူးခြားအောင်က တောင်ငူတက္ကသိုလ်မှကျောင်းသူလေးများကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယနေ့ကျင်းပသည့် Cleaning Campaign အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက မောင်တို့မယ်တို့ပါဝင်ဆောင်ရွက်သကဲ့သို့ မောင်တို့မယ်တို့တွင်မကောင်းသည့် စိတ်ရှိလျှင်လည်း အမြဲတမ်း Cleaning လုပ်ရန်လိုအပ်ပါကြောင်း၊ လူငယ်မောင်မယ်များအနေဖြင့် ယနေ့အခမ်းအနားမှရရှိခဲ့သည့် အသိပညာ၊ ဗဟုသုတများကို လူငယ်များအချင်းချင်းပြန်လည်မျှဝေစေလိုပါကြောင်းတိုက်တွန်းပြောကြားသည်။

လူငယ်တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် လူငယ်ရေးရာကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ၊ တောင်ငူမြို့ရှိ တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်တွင်းလူငယ်များ မိတ်သဟာယအသင်းမှဥက္ကဋ္ဌ၊ အမှုဆောင်များ၊ လူငယ်မောင်မယ်များတက်ရောက်ခဲ့ကြပြီး တောင်ငူတက္ကသိုလ်ဝင်းအတွင်း Cleaning Campaign ကို စုပေါင်း၍ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။**ခရိုင်(ပြန်/ဆက်)**

**ပြည်သူ့စစ်မှုထမ်းသင်တန်းဖွင့်ပွဲမှ**

ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၈)မှ သင်တန်းသားများကိုတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါသည်-

"စစ်မှုထမ်းဆင့်ခေါ်စာကြားလို့ကျွန်တော်



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

# အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ





**နေပြည်တော် စက်တင်ဘာ ၇**

Clean Air for Climate Action ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေဖန်တီးစို့ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက သန့်ရှင်းသောလေထုအတွက် ကြိုးပမ်းဆောင်ရွက်မှုသည် ပြည်သူ့ကျန်းမာရေးကို ကာကွယ်ပေးခြင်း၊ ကုန်ထုတ်စွမ်းအားတိုးတက်စေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆုံးရှုံးမှုများကိုလျှော့ချပေးနိုင်ခြင်းတို့အတွက် အကျိုးရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ Fire Hotspot လျှော့ချရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် လေထုအရည်အသွေး ပိုမိုကောင်းမွန်လာစေရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေ ဖြင့် တစ်နိုင်ငံလုံးပတ်ဝန်းကျင်လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာပြီး အများ ပြည်သူများ သိရှိနိုင်ရန် သတင်းထုတ်ပြန် ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းပြောကြားပြီး အခမ်းအနားတွင်ပြသထားသောပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်မျက်ရတနာသင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲသို့တက်ရောက် အမှာစကားပြောကြားရာတွင် ကျောက်မျက်ရတနာသင်တန်းကျောင်းကို ၂၀၁၇ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အမှတ်စဉ် (၁)မှ(၅)ထိ သင်တန်းသား ၄၅၉ ဦးကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ အမှတ်စဉ်(၆)သင်တန်းသို့ သင်တန်းသားဦးရေ၅၀ တက်ရောက်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ကျောက်မျက်ရတနာထုတ်လုပ်မှု လုပ်ငန်းခွင်များတွင် လက်တွေ့အသုံးချနိုင်ရန်နှင့် မြန်မာ့ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများကို နိုင်ငံတကာဈေးကွက်ထိ ထိုးဖောက်ဝင်ရောက်နိုင်အောင် ကြိုးစားဆောင်ရွက်သွားရန် ပြောကြားပြီး သင်တန်းသားများကို စာတွေ့၊ လက်တွေ့သင်ကြားပေးမည့် သင်ကြားရေးအထောက်အကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဒီနေပြည်တော်ရောက်နေတဲ့အခိုက်မှာလိုက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်အကောင်းဆုံးတော့ လေ့လာပြီးသင်ယူသွားမှာပါ။ သုံးလဆိုတဲ့ကာလကလဲ မကြာဘူးလေ။ လေ့လာသွားမယ်။ ပြီးတော့ အကောင်းဆုံးကျွန်တော်ကြိုးစားမယ်။ နောက်သင်တန်းတက်ရောက်မယ့်သူတွေလဲ ကိုယ်ထင်ထားတဲ့ အတိုင်းမဟုတ်ပါဘူးလို့ပြောချင်ပါတယ်။ အရင်တုန်းကတော့ စစ်မှုထမ်းရမယ်ဆိုပြည်သူတွေအားလုံးက အရမ်းကြောက်နေကြတယ်။ အခုက နွေးနွေးထွေးထွေးကြိုဆိုကြတယ်။ ကိုယ်ထင်ထားသလိုမျိုးမဟုတ်ဘူး။ ဒီမှာအားလုံးအဆင်ပြေကြတယ်။ ဆင့်ခေါ်စာကျရင် တက်ရောက်ကြပါလို့ကျွန်တော်ဒီကနေ ပြောကြားချင်ပါတယ်။ နိုင်ငံတော်ကပေးအပ်တဲ့တာဝန်ကို ကျွန်တော်ကျရာတာဝန်ကို အကောင်းဆုံးကြိုးစားပြီး ထမ်းဆောင်သွားမယ်လို့ ကျွန်တော်ဆုံးဖြတ်ထားပါတယ်”ဟု ပြောသည်။

“စစ်မှုထမ်းက လူတိုင်းထမ်းရမယ်လို့ကျွန်တော်ယုံကြည်ပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၁၉၇ နိုင်ငံရှိပါတယ်။ နိုင်ငံပေါင်း ၆၀ ကျော်မှာ စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းထားတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာလဲ မဖြစ်မနေထမ်းရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့ အပြင်လောကနဲ့မတူတဲ့စည်းကမ်းတွေကို ကျွန်တော်တို့ရရှိမယ်လို့ထင်ပါတယ်။ ကျွန်တော်တို့တစ်ခါမှမသင်ယူဖူးတဲ့ စစ်ပညာတွေနဲ့ နိုင်ငံတော်ကာကွယ်ဖို့ပညာတွေကို ရရှိမယ်လို့ထင်ပါတယ်။ လူတိုင်းကတော့ စစ်သားမဖြစ်ပါဘူး။ ကျွန်တော်တို့အခုမျိုးတာဝန်ထမ်းဆောင်ခွင့်ရတဲ့အတွက် အများကြီးဂုဏ်ယူပါတယ်။ အရမ်းဝမ်းသာပါတယ်။ ကျွန်တော်တို့ကလဲ ကြိုးစားပြီးတော့သင်ယူပါတယ်”ဟု ပြောသည်။

(၅၀၁)







အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

---

## ❑ ဝေါန်မြစ်ရေကာတာမှ

ဝေါန်မြစ်ရေသည် ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၆လက်မခန့်သာကျန်ရှိသဖြင့် ၄ ပေ ၈ လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့နယ်တွင် ဝေါန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉လက်မ ခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၇ လက်မခန့်သာကျန်ရှိသဖြင့် ၃ ပေ ၂ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေါန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေါန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ရေဝင်ရောက်ခဲ့သည့်နေရာများကို သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

# မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးနှင့် သမိုင်းဝင်ခရီးစဉ်၏ အနှစ်သာရ

**နှစ်နိုင်ငံ ဒေသတွင်း**
**ရင်းနှီးမှုအခြေခံ။**
**နိုင်ငံတကာ ရှုမြင်ကွင်း**
**အောင်မြင်ခြင်းအမှန်။**
**ဗီယက်နမ်နှင့် မြန်မာနိုင်ငံ**
**အပြန်အလှန် နားလည်ရေး။**
**ရင်းနှီးချစ်ကြည် ရွက်ဆောင်မှုကို**
**ဂုဏ်ပြုတယ်လေး။**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။ (၆-၉-၂၀၂၆)

**နိုင်ငံတော်သမ္မတရဲ့ ဗီယက်နမ်နိုင်ငံ တရားဝင်ခရီးစဉ်က မြန်မာနဲ့ ဗီယက်နမ် နှစ်နိုင်ငံကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတွေကို တစ်ဆင့်တက်လှမ်းစေမယ့် အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်လာခဲ့ပါတယ်။ စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ နည်းပညာဖလှယ်ရေးလုပ်ငန်းတွေ ပိုမိုစည်ပင်လာစေဖို့ လမ်းခင်းပေးနိုင်ခဲ့ပါတယ်။ ဒီကနေတစ်ဆင့် နှစ်နိုင်ငံပြည်သူတွေကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုခိုင်မာအားကောင်းလာမှာဖြစ် . . .**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ခဲ့ကာ ယခုအခါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။

**သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခြင်း**

ဟနွိုင်းမြို့က ဗီယက်နမ်နိုင်ငံရဲ့ မြို့တော်ဖြစ်ပါတယ်။ နှစ်ပေါင်းထောင်ချီ သမိုင်းကြောင်းနဲ့အတူ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ဟန်ချက်ညီညီတည်ရှိနေတဲ့ နိုင်ငံရေးနဲ့ ယဉ်ကျေးမှု ဗဟိုချက်မနေရာတစ်ခု ဖြစ်ပါတယ်။ ရှေးဟောင်းဗိသုကာလက်ရာများ၊ သစ်ရိပ်မြိုင်မြိုင်လမ်းမကြီးများ၊ တက်ကြွလှုပ်ရှားနေတဲ့ စီးပွားရေးလုပ်ငန်းများနဲ့ သက်ဝင်လှုပ်ရှားနေတဲ့ မြို့တော်ကြီးလည်း ဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ ရောက်ရှိနေစဉ်အတွင်း ခရီးစဉ်နောက်ဆုံးနေ့ဖြစ်တဲ့ စက်တင်ဘာ ၆ ရက် နံနက်ပိုင်းမှာ နိုင်ငံတော်သမ္မတနဲ့ဇနီးတို့က မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ပညာတော်သင် သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံစဉ်အတွင်း နိုင်ငံတော်သမ္မတက နှစ်နိုင်ငံကြား ရှိရင်းစွဲခိုင်မာတဲ့ ချစ်ကြည်ရင်းနှီးမှုနဲ့ သမိုင်းကြောင်းဆိုင်ရာ တူညီချက်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ တစ်ဦးနဲ့တစ်ဦး ဖေးမကူညီကြဖို့နဲ့ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြဖို့ မေတ္တာရပ်ခံထားလို့ မှာကြားခဲ့ပါတယ်။

ဗီယက်နမ်နိုင်ငံက စစ်ပွဲဒဏ်နဲ့ အရေးယူပိတ်ဆို့မှုတွေကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရပေမယ့် နိုင်ငံချစ်စိတ်နဲ့ အပတ်တကုတ် ကြိုးစားအားထုတ်လို့ တိုးတက်ပြောင်းလဲမှုတွေ စဉ်ဆက်မပြတ် ဖြစ်ပေါ်လာတယ်လို့ နိုင်ငံတော်သမ္မတက ထောက်ပြဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံရပ်ခြားမှာ တာဝန်ထမ်းဆောင်နေကြတဲ့ မြန်မာနိုင်ငံသားတွေအနေနဲ့လည်း အချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာ ကဏ္ဍကနေ တာဝန်သိသိနဲ့ အမှန်တကယ် အလုပ်လုပ်ကြဖို့ကိုလည်း အလေးအနက်ထား ထည့်သွင်းမှာကြားခဲ့ပါတယ်။

တွေ့ဆုံပွဲပြီးတဲ့အခါ နိုင်ငံတော်သမ္မတနဲ့ဇနီးတို့က မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းတွေနဲ့ ပညာတော်သင်များအတွက် လက်ဆောင်ပစ္စည်းတွေနဲ့ ဂုဏ်ပြုချီးမြှင့်ငွေတွေကို ရင်းနှီးနွေးထွေးစွာ ပေးအပ်ခဲ့ကြပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung နှင့်အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံစဉ်။ (၆-၉-၂၀၂၆)

**မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ် ဖွင့်လှစ်ကျင်းပခြင်း**

နှစ်နိုင်ငံ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုတိုးမြှင့်ဖို့ ရည်ရွယ်ချက်နဲ့ "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"ကို ဟနွိုင်းမြို့က Melia Hotel မှာ ကြီးကျယ်ခမ်းနားစွာကျင်းပခဲ့ပါတယ်။ အဲဒီဖိုရမ်ကို နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ အဓိကအချက်တွေကို အသေးစိတ် ဆွေးနွေးပြောကြားခဲ့ပါတယ်။ နှစ်နိုင်ငံက အဆင့်မြင့်အစိုးရတာဝန်ရှိသူတွေ၊ UMFCCI နာယကနဲ့ ဥက္ကဋ္ဌအပါအဝင် စီးပွားရေးလုပ်ငန်းရှင် ၆၀၀ ခန့် တက်ရောက်ခဲ့ကြပါတယ်။

ဖိုရမ်အစမှာ ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Duc Chi နဲ့ UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်းတို့က ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကားတွေ အသီးသီးပြောကြားခဲ့ကြပါတယ်။ ဆက်လက်ပြီး ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang က ဖိုရမ်နဲ့ပတ်သက်ပြီး ဖြည့်စွက်ဆွေးနွေးရာမှာ နှစ်နိုင်ငံစီးပွားရေးအသိုက်အဝန်းရဲ့ တက်ကြွစွာ ပါဝင်မှုကို ချီးကျူးခဲ့ပါတယ်။ ဒ့ါပြင် နှစ်နိုင်ငံကြား ဘက်စုံမိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုနက်ရှိုင်းစေဖို့ အကြံပြုချက်ငါးချက်ကို တင်ပြဆွေးနွေးခဲ့ပါတယ်။

မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတွေက လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းမှာ အတူတကွရှိခဲ့ကြပြီး ခေတ်အဆက်ဆက်ခိုင်မာတဲ့ ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်နိုင်ခဲ့ကြတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ လက်ရှိကာလ ကမ္ဘာ့နိုင်ငံရေးနဲ့ စီးပွားရေးစိန်ခေါ်မှုတွေ မြင့်မားနေချိန်မှာတောင် နှစ်နိုင်ငံက အပြန်အလှန်လေးစားမှုနဲ့ ခိုင်မာစွာရပ်တည်နေကြပါတယ်။ နိုင်ငံရေးနဲ့ သံတမန်ရေးရာအပြင် ကာကွယ်ရေး၊ စီးပွားရေးနဲ့ ကုန်သွယ်ရေးကဏ္ဍပေါင်းစုံမှာလည်း နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။

နိုင်ငံတော်သမ္မတက ဆွေးနွေးရာမှာ မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းအချက်အချာကျတဲ့ နေရာမှာတည်ရှိပြီး ရေမြေသဘာဝအရင်းအမြစ် ကြွယ်ဝတယ်လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဗီယက်နမ်လုပ်ငန်းရှင်တွေအနေနဲ့ လယ်ယာအခြေခံ သွင်းအားစုထုတ်လုပ်ရေးနဲ့ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ အလားတူပဲ ဒစ်ဂျစ်တယ်နည်းပညာ၊ ဆိုက်ဘာလုံခြုံရေးနဲ့ စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းကောင်းတွေ ရှိနေတယ်လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။

**အထူးစီးပွားရေးဇုန်များနှင့် ဒေသတွင်း စီးပွားရေးစင်္ကြံများ**

မြန်မာနိုင်ငံမှာ ကျောက်ဖြူရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်၊ သီလဝါ အထူးစီးပွားရေးဇုန်၊ ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်ဆိုပြီး အဓိကဇုန်ကြီး သုံးခု တည်ရှိနေပါတယ်။ သီလဝါဇုန်က အရှေ့-အနောက် စီးပွားရေးစင်္ကြံ (EWEC)လမ်းကြောင်းနဲ့ ချိတ်ဆက်သွားမှာဖြစ်ပြီး၊ ထားဝယ်ဇုန်က တောင်ပိုင်းစီးပွားရေးစင်္ကြံ(SEC) လမ်းကြောင်းနဲ့ ချိတ်ဆက်သွားမှာဖြစ်ပါတယ်။ အဲဒီစီမံကိန်းတွေက အနာဂတ်မှာ ဒေသတွင်းအရေးပါတဲ့ မဟာဗျူဟာမြောက်ကုန်သွယ်ရေးလမ်းကြောင်းကြီးတွေ ဖြစ်လာမှာဖြစ်ပါတယ်။

**မိတ်ဖက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်ခြင်း**

"တစ်ဦးတည်းဆိုပါက လျင်မြန်စွာသွားနိုင်သော်လည်း အတူတကွ ပူးပေါင်းမှသာလျှင် ဝေးဝေးသို့ ရောက်နိုင်သည်" ဆိုတဲ့ အဆိုအမိန့်အတိုင်း ပူးပေါင်းဆောင်ရွက်မှုတွေကို အရှိန်အဟုန်နဲ့ မြှင့်တင်သွားဖို့လိုအပ်တယ်လို့ နိုင်ငံတော်သမ္မတက တိုက်တွန်းခဲ့ပါတယ်။ ပစ္စုပ္ပန်ကာလအတွက်သာမက အနာဂတ်မျိုးဆက်တွေအတွက်ပါ အကျိုးရှိမယ့် ရေရှည်တည်တံ့တဲ့ စီးပွားရေးမိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်သွားမယ်လို့ အလေးအနက်ထားပြောကြားခဲ့ပါတယ်။ ဖိုရမ်ပြီးတဲ့အခါ နှစ်နိုင်ငံ လုပ်ငန်းရှင်တွေကြား နားလည်မှုစာချွန်လွှာတွေ

**စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

လက်မှတ်ရေးထိုးတာနဲ့ ထုတ်ကုန်ပြခန်းတွေကို လှည့်လည်ကြည့်ရှုခဲ့ကြပါတယ်။

**ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် တွေ့ဆုံခြင်း**

စီးပွားရေးဖိုရမ် ပြီးသွားတဲ့နောက်မှာ နိုင်ငံတော်သမ္မတက ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung နဲ့ အဖွဲ့ဝင်တွေကို လက်ခံတွေ့ဆုံခဲ့ပါတယ်။ နှစ်နိုင်ငံကြား စီးပွားရေးနဲ့ ကူးလူးဆက်ဆံမှုတွေ ဖွံ့ဖြိုးတိုးတက်စေရေးကိစ္စရပ်တွေကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပါတယ်။ အစိုးရနှစ်ရပ်ရဲ့ အားပေးမှုနဲ့အတူ လုပ်ငန်းရှင်တွေနဲ့ အဖွဲ့အစည်းတွေက လုပ်ငန်းတွေကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ အမြင်ချင်းဖလှယ်ခဲ့ကြပါတယ်။

**ခရီးစဉ် အောင်မြင်စွာ ပြီးဆုံးခြင်းနှင့် ပြန်လည်ထွက်ခွာခြင်း**

တရားဝင်ခရီးစဉ် (Official Visit) အောင်မြင်စွာ ပြီးဆုံးသွားတဲ့နောက်မှာ နိုင်ငံတော်သမ္မတနဲ့ဇနီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့က ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။ လေဆိပ်မှာ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင်နဲ့ အဆင့်မြင့်အရာရှိကြီးတွေက ရင်းနှီးနွေးထွေးစွာ ပို့ဆောင် နှုတ်ဆက်ခဲ့ကြပါတယ်။ ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကလည်း ကော်ဇောနီတစ်ဖက် တစ်ချက်စီမှာ နေရာယူပြီး အလေးအနက်ထား ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြပါတယ်။

**ခရီးစဉ်အတွင်း ဆောင်ရွက်ခဲ့သည့် အဓိကလုပ်ငန်းစဉ်များ**

ခရီးစဉ်အတွင်းမှာ နိုင်ငံတော်သမ္မတက ဗီယက်နမ်သမ္မတ၊ ဝန်ကြီးချုပ်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ ကျင်းပနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်မှုကို ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ဒစ်ဂျစ်တယ်နည်းပညာနဲ့ စက်မှုလုပ်ငန်းတွေကို လေ့လာခြင်းစတဲ့ အရေးပါတဲ့ လုပ်ငန်းစဉ်တွေကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုတွေကနေတစ်ဆင့် နှစ်နိုင်ငံကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးသစ်တွေကို အခိုင်အမာ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်”တွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။ (၆-၉-၂၀၂၆)

**နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိခြင်း**

စက်တင်ဘာ ၆ ရက် ညနေပိုင်းမှာ နိုင်ငံတော်သမ္မတနဲ့ဇနီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့က နေပြည်တော်လေဆိပ်ကို အောင်မြင်စွာ ပြန်လည်ရောက်ရှိခဲ့ပါတယ်။ လေဆိပ်မှာ ဒုတိယသမ္မတ ဦးညိုစောနဲ့ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနဲ့ ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနဲ့ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနဲ့ဇနီးတို့အပြင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နဲ့အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးက တာဝန်ရှိသူတွေပါ အသင့်စောင့်ဆိုင်းနေပြီး နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။ နှစ်နိုင်ငံကြားက ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုထင်ရှားစေခဲ့တဲ့ အမှတ်လက္ခဏာလည်း ဖြစ်ပါတယ်။

**ဆက်လက်တိုးတက်လာမည့် မဟာဗျူဟာမြောက်ဆက်ဆံရေး**

အခုလို နိုင်ငံတော်သမ္မတရဲ့ ဗီယက်နမ်နိုင်ငံ တရားဝင်ခရီးစဉ်က မြန်မာနဲ့ ဗီယက်နမ်နှစ်နိုင်ငံကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတွေကို တစ်ဆင့်တက်လှမ်းစေမယ့် အရေးပါတဲ့ခြေလှမ်းတစ်ရပ်ဖြစ်လာခဲ့ပါတယ်။ စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ နည်းပညာဖလှယ်ရေးလုပ်ငန်းတွေ ပိုမိုစည်ပင်လာစေဖို့ လမ်းခင်းပေးနိုင်ခဲ့ပါတယ်။ ဒီကနေတစ်ဆင့် နှစ်နိုင်ငံပြည်သူတွေကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုခိုင်မာအားကောင်းလာမှာဖြစ်ပါကြောင်း သမိုင်းဝင်ခရီးစဉ်တစ်ခုရဲ့ အနှစ်သာရကို ဖော်ထုတ်ရေးသား ဂုဏ်ပြုတင်ပြလိုက်ရပါတယ်။ ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။ (၆-၉-၂၀၂၆)

**ရဲခေါင်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ်(၁/၂၀၂၆)ကို ဆုံးဖြတ်ချက် (အမိန့်)ချမှတ်

နေပြည်တော် စက်တင်ဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့နံနက်ပိုင်း၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂၂) စုံညီခုံရုံး၌ ရုံးထိုင်၍ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ် (၁/၂၀၂၆) ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်ကို ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၅၄/၂၀၂၆)
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅(ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်ကို ကြေညာခြင်း**

၁။ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မြိတ်မြို့နယ်မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်အမှတ်(၁) ဦးခိုင်ဦး၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးဝင်းကြူက ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၇ - ၉ - ၂၀၂၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ်(၁/၂၀၂၆) ဆုံးဖြတ်ချက်တွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မြိတ်မြို့နယ်မဲဆန္ဒနယ်အတွက် ဦးခိုင်ဦးအား လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးဝင်းကြူ ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅(က)အရ ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူ့ပါတီမှ ဦးခိုင်ဦး [၆/မအရ(နိုင်) ဝ၉၈ဝ၇၄ ] သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်) မြိတ်မြို့နယ်မဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးဝင်းကြူ [ ၆/တသရ (နိုင်) ဝ၁၂၂၆၇ ] ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅(ခ)အရ သတ်မှတ်ကြေညာလိုက်သည်။

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)တွင် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်း ပြောင်းလဲသတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၅၅/၂၀၂၆)
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)တွင် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်း ပြောင်းလဲသတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၇ - ၉ - ၂၀၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အမှတ်( ၅၄ /၂၀၂၆ )အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၁-ကနှင့်အညီ မြိတ်မြို့နယ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခိုင်ဦးရရှိသည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသောခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်ရာတွင် လောင်းလုံးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)ဖြစ်သူ ပြည်သူ့ပါတီမှ ဦးတင်စိုး [၆/ဘပန(နိုင်) ဝ၁၃၁ဝ၄]သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၈(ဃ)အရ နိုင်ငံရေးပါတီများက ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းအရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)တွင် လောင်းလုံးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဒေါ်မြမြစိမ်း [ ၆/ထဝန(နိုင်)ဝ၇ဝ၉၁ဝ ] ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်ရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၂၆၃၅၆ / ၁၀ = ၂၂၆၃၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | |
| | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၂၆၃၅၆ | ၈ | | ၂ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၄၃၂၄ | ၅ | ၂၁၁၄၉ | ၁ | ၆ | |
| | | ၂။ | ပြည်သူ့ပါတီ | ၄၉၂၆၈ | ၂ | ၃၉၉၈ | - | ၂ | |
| | | ၃။ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၇၆၄ | ၁ | ၂၀၁၂၉ | ၁ | ၂ | |

ရှင်းလင်းချက်။ ၃၁ - ၁ - ၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ် (၁) အတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်ရရှိမှုအခြေအနေ တွက်ချက်မှုစာရင်းအား ပယ်ဖျက်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၁ - က နှင့်အညီ ပြန်လည်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၄ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)**

# ၂၃ ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီ လခြမ်းနီအသင်းခေါင်းဆောင်များအစည်းအဝေး ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ၂၃ ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီ လခြမ်းနီအသင်းခေါင်းဆောင် များအစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက် ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အရှေ့တောင်အာရှ ကြက်ခြေနီ လခြမ်းနီ အသင်းခေါင်းဆောင်များ အစည်းအဝေး ကို ၂၀၁၂ ခုနှစ်တွင် အိမ်ရှင်အဖြစ် ပထမ အကြိမ် လက်ခံကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် အိမ်ရှင်အဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်သည်။






ဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက အစည်းအဝေးနှင့် ဆက်စပ်ဖိုရမ်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားရာ တွင် ယနေ့ကျင်းပသောအစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် "Unity in Humanitarian Action: Building a Better Tomorrow" သည် ယနေ့ခေတ် ကမ္ဘာ တစ်ဝန်း ကြုံတွေ့လျက်ရှိသည့် လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ စိန်ခေါ် မှုများကိုရင်ဆိုင်ရန် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကို ပေါ်လွင်ထင်ဟပ်စေပါကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍတွင် နိုင်ငံတော်၏အရန်အင်အား အဖြစ် နိုင်ငံတစ်ဝန်း ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုနှင့် အရေးပေါ်တုံ့ပြန် ဆောင်ရွက်မှုများတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လိုအပ်နေသူများထံ ရောက်ရှိနိုင်ရေး အစဉ်အမြဲပူးပေါင်းဆောင် ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ Asia Pacific Regional Office မှ Deputy Regional Director Ms. Juja Kim နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) Geneva မှ Director of International Law, Movement and Partnership Dr. Cordula Droege တို့က နှုတ်ခွန်း ဆက်စကားပြောကြားကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

### ❍ မြောင်းတကာစက်မှုဇုန်မှ

လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေး ငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့် ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်း ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့်လုပ်ငန်း လိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက် သွားမည်ဖြစ်ကြောင်းကို ပြည်သူသို့ အသိပေးပန်ကြားခဲ့ရာ ဆက်သွယ် အသိပေးလာသူများအားလုံးကို ဖြေလျှော့ မှုများ အသီးသီးဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း တရားမဝင် လျှပ်စစ်ဓာတ်အားရယူသုံးစွဲ မှုများကို ဝန်ကြီးဌာနကဖွဲ့စည်းထားသည့် စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးဖော် ထုတ်ခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည် တော်တွင် ခုနစ်ဦး၊ ရန်ကုန်တိုင်းဒေသ ကြီးတွင် ၁၂ ဦး၊ မန္တလေးတိုင်းဒေသကြီး တွင် ၂၁ ဦး၊ မကွေးတိုင်းဒေသကြီးတွင် ၁၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၃၂ ဦး၊ ကချင်ပြည်နယ်တွင် တစ်ဦး၊ မွန်ပြည် နယ်တွင် နှစ်ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် သုံးဦး စုစုပေါင်း ၉၅ ဦးကို ဖော်ထုတ် ရရှိခဲ့ပြီး ဌာနကသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ မီတာဖြုတ် သိမ်းခြင်း၊ လျော်ကြေးငွေအပြည့်အဝ တောင်းခံခြင်းနှင့် အချို့ကို ဥပဒေအရ အမှုဖွင့်တရားစွဲဆိုခြင်းများ ဆောင်ရွက် ခြင်းဖြင့် ထိရောက်စွာအရေးယူဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနအနေဖြင့် Control Center များမှ စောင့်ကြည့် စစ်ဆေးလျက်ရှိရာ စက်တင် ဘာ ၃ ရက်တွင် မှော်ဘီမြို့နယ် မြောင်း တကာစက်မှုဇုန် အကွက်အမှတ် (၃၂/၃၇) ရှိ SKY MAN သံရည်ကျိုလုပ်ငန်းတွင် သုံးစွဲနေသော မီတာအမှတ်(YN-17431) ၌ Alarm ပေါ်နေသဖြင့် တာဝန်ရှိသူများ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး ခဲ့ပြီး မီတာကိုဖြုတ်ယူ၍ Test Lab ဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ မီတာကိုပြုပြင်ပြီး ဓာတ်အားခိုးယူ သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စက်ရုံကိုချက်ချင်း ပိတ်သိမ်းခဲ့ပြီး နိုင်ငံတော်အနေဖြင့် နစ်နာဆုံးရှုံးခဲ့သော လျှပ်စစ်ဓာတ်အား ယူနစ် ၂၃ ဒသမ ၃၆ သန်းအတွက် ကျသင့် လျော်ကြေးငွေကျပ် ၁၇ ဒသမ ၁၈၄ ဘီလီယံကို ပြန်လည်ပေးသွင်းစေရေးနှင့် လျှပ်စစ်ဥပဒေနှင့်အညီ မှော်ဘီမြို့မ ရဲစခန်းတွင် အမှုဖွင့်လှစ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ Control Center များတွင် နည်းပညာ အဆင့်မြှင့်တင်ခြင်းများကို စဉ်ဆက် မပြတ် ဆောင်ရွက်နေသည့်အတွက် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများ ပိုမို၍ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ် ဓာတ်အားမရရှိသေးသည့် ပြည်သူများသို့ ပိုမို၍ တိုးမြှင့်ဖြန့်ဖြူး ပေးနိုင်လျက်ရှိသည်။

ပြည်သူများအနေဖြင့်လည်း လျှပ်စစ် ဓာတ်အားကို စနစ်တကျသုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများ တွေ့ရှိပါက အောက်ဖော်ပြပါ Call Center များသို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်ကြပါရန် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနက အသိပေးကြေညာ ထားသည်။

**ဆက်သွယ်ရန်**

- လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်)- ၀၆၇-၃၄၁၀၀၇၂
- ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC) - ၁၇၁၇
- မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (MESC) - ၁၆၁၆ ၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
- ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် များ - ၀၆၇-၃၄၁၀၄၀၇ ၀၉၆၈၂၂၃၂၆၀၀၊ ၀၉၆၆၅၄၃၂၅၇၅

**(သတင်းစဉ်)**

### ❖ ကြိုးပြင်ကာကွယ်တောမှ

ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ ကာကွယ်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်ခြင်းကြောင့် ဒေသအတွင်း ဂေဟစနစ်များ ပိုမိုကောင်းမွန်လာခြင်း၊ ရေထွက်ဒေသများအား ရေရှည်တည်တံ့စေရန် ထိန်းသိမ်းပေးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများကို ထိန်းသိမ်းထားနိုင်ပြီး ဒေသခံပြည်သူများ၏ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုပြီး အကျိုးကျေးဇူးများစွာကို ဖြစ်ထွန်းစေရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်ပါသည်။

သုဝဏ္ဏသျှံတောင်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော ကျွန်း၊ ထင်းရှူး၊ အင်ကြင်း၊ သစ်အယ်၊ သစ်ချ၊ သစ်ယား(လောက်ယား)၊ တောင်တမာ စသည်တို့ကို ထိန်းသိမ်းနိုင် မည်ဖြစ်ခြင်း၊ သစ်တောသစ်ပင်များနှင့်အတူ မျောက်၊ တောဝက်၊ ချေ၊ ဆတ်၊ ယုန်၊ တောကြက်၊ ခါ၊ ငုံး စသည့် တောရိုင်းတိရစ္ဆာန်များကိုလည်း ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်း၊ ရာသီဥတုကောင်းမွန်လာ ခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ဥယျာဉ်ခြံမြေလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ကျေးရွာသုံးရေထွက်စိမ့်စမ်းများကောင်းမွန်လာပြီး ရေရှည်တည်တံ့နိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူး များ ရရှိနိုင်မည်ဖြစ်ပါသည်။ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

### ◆ တီးတိန်မြို့မှအဆက်

ချင်းပြည်နယ် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးဝင်းဇော်ဦးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးကော်မတီ အဖွဲ့ဝင် များနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ အကြမ်းဖက်ဖြစ်စဉ် ကြောင့် တီးတိန်မြို့အတွင်း ထိခိုက်ပျက်စီး မှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုပြီး ရှောင်စောန်းစံပြကျေးရွာသို့ ရောက်ရှိကာ ဒေသခံပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြား၍ ချင်း ရိုးရာနေအိမ်၊ ချင်းရိုးရာအဝတ်အထည် နှင့်အသုံးအဆောင်များကို ကြည့်ရှု လေ့လာကာ အလှူငွေပေးအပ်လှူဒါန်းခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# နိုင်ငံတော်ဩဝါဒါစရိယ သက်တော်ရှည်ဆရာတော်ကြီးများအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ကြည်ညို



**မန္တလေး စက်တင်ဘာ ၇**

ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူသည့် မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၈ သိက္ခာ ၇၈ ဝါ သက်တော်ရှည်ဆရာတော်ကြီးအား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ထိုသို့သွားရောက်စဉ် ဆရာတော်ကြီး၏ ကျန်းမာရေးနှင့်စပ်လျဉ်း၍ မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ လှူဖွယ်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ချမ်းမြသာစည်မြို့နယ်ရှိမဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုလန္ဓဘာသာဘိဝံသ သက်တော် ၉၄ သိက္ခာ ၇၄ ဝါ သက်တော်ရှည်ဆရာတော်ကြီး သီတင်းသုံးတော်မူသည့် အမရပူရမြို့နယ်ရှိမဟာဂန္ဓာရုံကျောင်းတိုက်သို့ ဆရာတော်ကြီး တပည့်အရင်းဖြစ်သော မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အား ပင့်ဆောင်၍ သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားကာ လှူဖွယ်ပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလတစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာသောင်းထိုက် | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာမင်းမင်းရီ | ပါမောက္ခချုပ်<br>မန္တလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ဘာသာတရားနဲ့ ရဟန်းသံဃာတော်တွေကို ခုတုံးလုပ်သွေးခွဲသတ်ဖြတ်နေကြတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ၉-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၆-၉- ၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးအကြောင်းပြ လက်နက်ကိုင်ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်တွေကို ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ငွေညှစ်၊ လုယက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၄၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ၂၀၂၆ ခုနှစ် စက်တင်ဘာ ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၇**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၆-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၈-၉-၂၀၂၆ ရက်နေ့မှ ၁၁-၉-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

# ထူးခြားသည့် နေ့အပူချိန်များ

(၇ - ၉ - ၂၀၂၆)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။






နယ်မြေခံတပ်မတော်သားများ၊ ဒေသခံပြည်သူများက ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာကို ဆည်မြောင်းတာအတွင်းဘက်ခြမ်း ပန်းတာတည်ဆောက်ခြင်း၊ ဆည်မြောင်းတာအတွင်းဘက်ခြမ်း Up-stream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍တာခြေထောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ကမ်းပြိုကာကွယ်ရေးသုံး Geotextine ခင်းခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်းနှင့် ရေလမ်းသောင်တူးလုပ်ငန်းများကို ယနေ့တွင် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ









ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် စက်တင်ဘာ ၇

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) တပ်ကုန်းမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကိုလှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာမေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊လေ)တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါလေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal(https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

# လေးမျက်နှာမြို့နယ်ရှိ ဝေနမြစ်ရေတိုက်စားမှုကြောင့် ဝေနတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျသည့်နေရာတွင် တာတမံပိတ်ဆို့ကာရံခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေး စီမံဆောင်ရွက်နေ



**နေပြည်တော် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝေနမြစ်ရေတိုက်စားမှုကြောင့် ဝေနတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့်နေရာတွင် တာတမံပိတ်ဆို့ကာရံခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၅)နှင့် တံတားအထူးအဖွဲ့ (၁၆)တို့က Steel Sheet Pile / Stand Pipe ရိုက်သွင်းပြီးစီးခဲ့မှု၊ တာတမံကာရံခြင်းလုပ်ငန်းများကို ဝန်ထမ်းများနှင့် အလုပ်သမားများက နေ့ညမပြတ်လုပ်ငန်းဆောင်ရွက်နေမှု၊ Geo-bags အိတ်ကြီးများကို ကရိန်းများဖြင့်ချထားမှု၊ ရိုက်ပြီး Steel Sheet Pile များ နောက်တွင် သဲအိတ်ချထားမှု၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက သောင်တူးစက်ကြီး ရေယာဉ်တွဲဖြင့် သဲတူးဖော်ပြီး ရေဝင်လမ်းကြောင်းအနီးသို့ သဲမှုတ်တင်ခြင်းဆောင်ရွက်ထားမှု၊ ရေဝင်လမ်းပိတ်ဆို့ကာကွယ်ခြင်းအတွက် CB တွဲခွံအတွင်းသို့ သဲ၊ ကျောက်ထည့်သွင်း၍ နစ်မြှုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ရေဝင်လမ်းကြောင်းကို ပိတ်ဆို့ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမြန်ပြီးစီးနိုင်ရေးတာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်သွားကြရန်၊ Steel Sheet Pile များကို Vibro-Hammer စက်ဖြင့်ရိုက်သွင်းခြင်းကို အရှိန်အဟုန်မပျက် ဆောင်ရွက်သွားကြရန်၊ ကျားကန်ခြင်း၊ ဒေါက်ကန်ခြင်းလုပ်ငန်းများအပြင် စက်၊ယာဉ်၊ယန္တရားများကို အသုံးပြု၍ သဲအိတ်များ၊ Stand Pipe များဖြင့် ရေဝင်လမ်းကြောင်းများကာရံသွားရန် မှာကြားသည်။

အဆိုပါ ခရီးစဉ်အတွင်း Oriental Highway ကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန် - ပုသိမ် လမ်းအခြေအနေ၊ ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန၊ Oriental Highway ကုမ္ပဏီလီမိတက်နှင့် ငါးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လမ်းဘေးဝဲယာ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု၊ ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ တလုတ္တော်-လေးမျက်နှာလမ်းပိုင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**☆ ဥပဒေဘောင်အတွင်းဝင်ရောက်မှ**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၁၇၇ ဦးနှင့် အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၁၉၅ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA -1 အမျိုးအစား သေနတ် သုံးလက်၊ MA -2 အမျိုးအစား သေနတ် တစ်လက်၊ M-22 အမျိုးအစား သေနတ် တစ်လက်၊ Type 81 အမျိုးအစား သေနတ် တစ်လက်၊ ၄၀ မမ လောင်ချာ အမျိုးအစား သေနတ် တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၂ ခု၊ ကျည်မျိုးစုံ ၄၅၉ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၂၅ လုံးနှင့် စကားပြောစက် တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် ခုနစ် လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၅၀၊ လက်လုပ်သေနတ် တစ်လက်အတွက် ဆုကြေး ငွေကျပ် ငါးသိန်း၊ လက်ပစ်ဗုံး ၂၅ လုံးအတွက် ဆုကြေးငွေကျပ် ၇၅ သိန်း၊ စကားပြောစက် တစ်လုံးအတွက် ဆုကြေးငွေကျပ် နှစ်သိန်း၊ လက်နက်မပါ အလင်းဝင်ရောက်လာသူများကို တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့် ၁၈၄ ဦးအတွက် ဆုကြေးငွေကျပ် ၁၈၄ သိန်းတို့ကို ပေးအပ်ပြီး ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ အပ်နှံထားသော လက်နက်ခဲယမ်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လက်ဖက်ရည်ဝိုင်းတို့ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

''အသက်ကတော့ ၁၈ နှစ်ပါ။ အဖွဲ့အစည်းကိုရောက်တော့ အသက်က ၁၄ နှစ်ပါ။ အဲဒီအဖွဲ့ထဲကိုရောက်သွားတဲ့ အကြောင်းရင်းကတော့ သူငယ်ချင်းတွေနဲ့ ပါသွားတာပါ။ အဲဒီရောက်တော့ သင်တန်းတွေ ဘာတွေတက်ရပါတယ်။ သင်တန်းက နှစ်လကျော်လောက်ပြီးတော့ ထမင်းတွေလဲ နပ်မှန်အောင်မစားခဲ့ရပါဘူး။ သင်တန်းကာလမှာ ရိုက်တာတွေဘာတွေရှိပါတယ်။ သင်တန်းပြီးတော့ AA ကို ပို့ခံရပါတယ်။ အဲဒါပြီးတော့ အလုပ်တွေဘာတွေဝိုင်းကူလုပ်ရပါတယ်။ စိုက်ခင်းတွေဘာတွေ လုပ်ရတယ်။ ထမင်းတွေ ကူချက်ရတယ်။ အဆောင်တွေ ကူဆောက်ရပါတယ်။ ပြီးတော့ ဖိနှိပ်တာတွေလဲ ရှိပါတယ်။ လူမျိုးရေးခွဲခြားမှုတွေလဲ ရှိပါတယ်။ သူတို့ရဲ့ ဖိနှိပ်အာဏာရှင်ဆန်တဲ့စနစ်တွေကိုမကြိုက်လို့ တပ်မတော်ထဲကို အလင်းဝင်လာတာ ဖြစ်ပါတယ်။ တပ်မတော်မှာအလင်းဝင်တော့ နွေးနွေး





ထွေးထွေးကြိုဆိုပါတယ်။ ဒီအခမ်းအနားပြီးသွားရင်လဲ မိဘတွေနဲ့တွေ့ရမှာဖြစ်လို့ အရမ်းလဲ ဝမ်းသာပါတယ်။ တောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေလဲ အမြန်ဆုံးအမြင်မှန်ရပြီးတော့ အလင်းဝင်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်''ဟု ပြောသည်။

''မြင်းခြံ BLACK TIGER မှာ တာဝန်ထမ်းဆောင်ပါတယ်။ ဖောက်ခွဲရေး ခေါင်းဆောင်ပါ။ ဒီတော်လှန်ရေးစလုပ်ခဲ့ရတာကတော့ ၁၄ နှစ်ကနေ စလုပ်ခဲ့တာပါ။ ပြောရရင် ၂၀၂၂ ကနေစလုပ်ခဲ့တာပါ။ ရောက်ရောက်ချင်းမှာ သင်တန်းတက်ရပါတယ်။ သင်တန်းဆင်းပြီးတော့ ရှေ့တန်းတန်းသွားရပါတယ်။ ရှေ့တန်းက မြင်းခြံမြောက်ဘက်မှာ မိုင်းခေါင်းဆောင်အနေနဲ့နေခဲ့ရပါတယ်။ ပြီးတော့ တိုက်ပွဲပေါင်းစုံနဲ့တိုက်ခဲ့ပါတယ်။ နေရာပေါင်းစုံလဲ သွားခဲ့ရပါတယ်။ နေရာပေါင်းစုံသွားခဲ့ပြီးနောက်ပိုင်းမှာ အထက်ဖားအောက်ဖိများခဲ့ပါတယ်။ ခေါင်းဆောင်တော်တော်များများကတော့ ဆေးခြောက် WY ဆေးချကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မလုပ်ခဲ့ပါဘူး။ တော်တော်များများ အကုန်လုံးက မူးယစ်ဆေးဝါးတွေသုံးစွဲပါတယ်။ ပြောရရင် ရဲဘော်တွေပဲ အောက်မှာနေပြီးတော့ ဘာမှမရဘဲနဲ့ လုပ်ကိုင်နေရတာပါ။ တပ်မတော်က တိုက်ခိုက်လာပြီဆိုလဲ သူတို့ကားတွေမောင်းပြီး သူတို့ခေါင်းဆောင်တွေက ပြေးပါတယ်။ ရဲဘော်တွေ သေသေကျေကျေထားခဲ့ပါတယ်။ သူတို့လက်နက်တွေအကုန်လုံးယူပြီး ပြေးပါတယ်။ ကျွန်တော်ဒီထဲကို အလင်းဝင်လာတာ သူတို့ ယုတ်မာရိုင်းစိုင်းနှိပ်စက်တာတွေကြောင့် ကျွန်တော်အလင်းဝင်လာတာ ဖြစ်ပါတယ်။ ကျွန်တော် ဒီလိုအလင်းဝင်လာတဲ့အချိန်မှာ တပ်မတော်က နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ သူတို့ပြောတဲ့ သတ်မယ် ဖြတ်မယ် သူတို့ဘက်ကပြောတဲ့အတိုင်းမဟုတ်ပါဘူး။ နောက်လာမယ့် ညီအစ်ကိုတွေကိုလဲ ညီလေးတွေ မောင်နှမတွေ အကုန်လုံးကိုလဲ အလင်းဝင်လာဖို့ ဖိတ်ခေါ်ပါတယ်''ဟု ပြောသည်။ **(၅၀၁)**

**■ ဖူဆယ်ပြိုင်ပွဲမှ**

MIU FC အသင်းနှင့် YRG FC အသင်းတို့ ကစားခဲ့ရာ YRG FC အသင်းက အနိုင်ရရှိခဲ့သည်။

Fire Dragon International Futsal Cup 2026 ပြိုင်ပွဲကို ပြည်တွင်းကလပ် ငါးသင်း၊ ပြည်ပကလပ် သုံးသင်းဖြင့် စက်တင်ဘာ ၁၂ ရက်ထိကျင်းပသွားမည်ဖြစ်ပြီး စက်တင်ဘာ ၈ ရက်(**ယနေ့**)တွင် YCDC Dream အသင်းနှင့် Black Steel Papua အသင်း၊ Lucky FC အသင်းနှင့်TG United အသင်း၊ YRG FC အသင်းနှင့် Black Peral United အသင်း၊ MIU FC အသင်းနှင့် M2K FC အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# တောင်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀ တန်ဖိုး၊ မိုင်းပျဉ်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း၊ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



ဩဘာတ ခေါ် စိုင်းဩဘာတကို ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။



စိုင်းစံထွန်းကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့်အတူ တွေ့ရစဉ်။



ယောလှကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

တောင်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀ တန်ဖိုး၊ မိုင်းပျဉ်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းကဖင်း၊စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး တရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီခွဲတွင် သတင်းအရ တောင်ကြီးမြို့နယ် ရွှေညောင်-ရပ်စောက် သွားကားလမ်း ပန်းစုံကျေးရွာအနီးတွင် ရပ်စောက်မြို့နယ် နားခဲလေးရွာနေ ဩဘာတ ခေါ် စိုင်းဩဘာတ ၄၁ နှစ် မောင်းနှင်လာသော HONDA FIT မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းသယ်ဆောင်လာသည့် စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၀) ဖမ်းဆီးရမိသဖြင့် ဩဘာတ ခေါ် စိုင်းဩဘာတကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၄ ရက် ည ၁၁ နာရီခွဲတွင် သတင်းအရ မိုင်းပျဉ်းမြို့နယ် ဆင်မောင်းကျေးရွာအုပ်စု ပန်မော် ၂၀ မိုင်ရွာအနီး ကျိုင်းတုံ-တောင်ကြီးသွားကားလမ်းတွင် မိုင်းပျဉ်းမြို့နယ် ပန်မော် ၂၀ မိုင်ရွာနေ စိုင်းစံထွန်း ၄၂ နှစ် မောင်းနှင်လာသည့် TOYOTA HILUX VIGO ယာဉ်နှင့် မိုင်းပျဉ်းမြို့နယ် ၂၄ မိုင်ရွာနေ ယောလှ မောင်းနှင်လာသည့် TOYOTA HILUX TIGER ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိုင်းစံထွန်း မောင်းနှင်လာသောယာဉ်ပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ကီလို ၁၀၂၀ (တစ်ကီလိုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၀၂၀)ကိုလည်းကောင်း၊ ယောလှ မောင်းနှင်လာသောယာဉ်ပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ကီလို ၉၈၀ (တစ်ကီလိုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၉၈၀)ကိုလည်းကောင်း ဖမ်းဆီးရမိသဖြင့် စိုင်းစံထွန်းနှင့် ယောလှတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● **ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန အသင်းက အားကစားရေးရာဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့ အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

စက်တင်ဘာ ၈ ရက်**(ယနေ့)** နံနက် ၁၀ နာရီမှစတင်၍ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပထမအဆင့်ရှုံးထွက်ပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်း၊ သာသနာရေးဝန်ကြီးဌာန အသင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပထမအဆင့် ရှုံးထွက်ပွဲစဉ်များ အပြီးတွင် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၇-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၇၀၄,၈၈၈.၃၆ | ၁,၁၃၈,၃၁၃.၄၀ | ၇၁,၇၉၈,၃၄၉.၈၈ | - |

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **(မိုး/ဇလ)**

# ခေါင်းဆောင်ဖြစ်ဖို့ကို ရာထူးမလို

ဗညားကျန်းထော

ကောင်းမှုပြုက ကောင်းကျိုးမုချရစမြဲပင်ဖြစ်သကဲ့သို့ မကောင်းမှုကိုပြုသူသည်လည်း အချိန်စောခြင်း၊ နောက်ကျခြင်းသာလျှင် ကွဲချင်ကွဲမည် မကောင်းမှု၏ဆိုးကျိုးပြစ်ဒဏ်ကိုကား မလွဲမသွေခံယူရပေလိမ့်မည်။ ကျောက်ခဲတို့မည်သည် ကြီးသည်ငယ်သည်မဟုတ် ရေသို့ချက ခဏချင်း မြုပ်မြဲဖြစ်၏။ အကုသိုလ်ဒုစရိုက်တို့မည်သည်လည်း ကြီးသူငယ်သူ၊ ဆင်းရဲသူ၊ ချမ်းသာသူဟူ၍ မရွေးချယ်ဘဲ အပါယ်ဆင်းရဲသို့ ပို့မြဲဖြစ်သည်ဟု ရှေးလူကြီးတို့ဆိုကြသည်။ ကိုယ်ပြုသည့် ကောင်းကံ၊ ဆိုးကံဟူသမျှသည် ပြုသူ၏ထံသို့ လိပ်စာ၊ မှတ်ပုံတင် တိတိကျကျ ရှာပြီးရောက်လာတတ်လေ့ရှိပေသည်။ မြတ်စွာဘုရားဟောကြားသောတရားများတွင် တွေ့ရလေ့ရှိပါသည်။ ဤအမှန်တရားကို မေ့တတ်၏။

"ဓမ္မသဘော ဘယ်သို့ဟောလည်း၊ လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နှင့်၊ ပျော်တပြုံးပြုံး၊ မော်မဆုံးဘဲ၊ နှလုံးမယဉ်၊ ဉာဏ်မယှဉ်တည့်၊ ပျိုစဉ်ယုတ်မာ၊ အိုခါဆိုးဝါး၊ လူအများသည် တရားမရနိုင်ပါတကား"ဟု ရှေးက အမည်မသိစာဆိုတစ်ဦးက ရေးဖွဲ့ခဲ့ဖူး၏။

သစ်ဆွေးဝါးဆွေးတို့ဖြင့် ဆောက်လုပ်အပ်သောအဆောက်အအုံသည် မကြာမီပြိုကျပျက်စီးတတ်သည်ဖြစ်သကဲ့သို့ မသန့်ရှင်းသောပစ္စည်းတို့ဖြင့် ဖန်တီးထူထောင်အပ်သော လုပ်ငန်းသည်လည်း အခိုက်အတန့်၌ ကြီးပွားဖြစ်ထွန်းသယောင်ယောင် ထင်မှတ်ရသော်လည်း မကြာမီယိမ်းယိုင်ပျက်စီးမည် ဧကန်ဖြစ်၏။

အမှန်တရားနိယာမများသည်ကား ရှေးကာလ၌လည်း မှန်၏။ ယခုလည်း မှန်၏။ နောင်အနာဂတ်ကာလမှာလည်း မှန်နေဦးမှာပင်ဖြစ်၏။ ထို့ကြောင့် တိုးတက်ကြီးပွားချင်သူများ၊ အောင်မြင်ထွန်းပေါက်လိုသူများသည် ခိုင်မာမြဲမြံသောအမှန်တရားနိယာမများကို လက်စွဲကျင့်သုံးကြရ၏။ အမှန်၊ အမှား၊ အကောင်း၊ အဆိုး၊ အကျိုး၊ အပြစ်၊ အတိုး၊ အယုတ်တို့ကို သေချာစွာခွဲခြားနားလည်အောင် လေ့လာဆည်းပူးအပ်ပါ၏။ အလိမ္မာစာမှာရှိဟူသော ဆိုရိုးစကားအတိုင်း တတ်သိလိမ္မာစေမည့်နည်းကောင်းလမ်းမှန်များသည် စာကောင်းပေကောင်းများထဲတွင် ရှိနေကြပေသည်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဟု ဆိုတတ်ကြသကဲ့သို့ မတူကွဲပြား၊ ခြားနားသည့် အဆိုအမိန့်များလည်းရှိတတ်ပါ၏။ သုံးသပ်စဉ်းစားတတ်ပြီး အမှန်ကိုရွေးချယ်တတ်ရပေမည်။ အကြီးအသေး၊ အလေးအပေါ့တို့ကို ချိန်ဆဝေခွဲတတ်ရမည်။ မှန်ကန်စွာရွေးချယ်ဆုံးဖြတ်တတ်ခြင်းသည်ပင် ပညာရပ်ကို တတ်မြောက်အသုံးချတတ်ခြင်းဖြစ်လေသည်။ မြင်ကွင်းကျယ်ရှုမြင်နိုင်အောင် စာပေဖတ်ရှုခြင်းက အထောက်အကူပြုပေသည်။

ရှေးဟောင်းစာပေ စာကောင်းပေကောင်းများကို ရှာဖွေဆည်းပူးရန် ဝါသနာပါသင့်သည်။ ဘာသာရပ်ခြားစကားအမျိုးမျိုးကို သိရှိတတ်မြောက်အောင် လေ့လာလေ့ကျင့်သင့်ပေသည်။ ကမ္ဘာသုံးဘာသာစကားများဖြစ်သော အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ရုရှားစာများကို တတ်မြောက်လျှင် ကောင်းကျိုးတရားကြီးမားစွာရပါလိမ့်မည်။ အေအိုင်(ဉာဏ်ရည်တု)က ဘာသာပြန်ပေးသည်ကို ဆီလျော်တိကျအောင် မိမိက တည်းဖြတ်တည့်မတ်နိုင်ရမည်။ ၂၁ ရာစုခေတ်သည် အာရှနိုင်ငံများ စန်းတက်သည့်ကာလရောက်လာပြီဖြစ်၍ တရုတ်စာ၊ ဂျပန်စာ၊ ထိုင်းစာ၊ မလေးစာ(မာလာယုဘာသာ)တစ်ခုနှစ်ခုတတ်မြောက်လျှင်ပင် သင်သည် ကြီးကျယ်ခမ်းနားသော အောင်မြင်မှုအဆင့်သို့ တက်လှမ်းနိုင်ပေမည်။ ဟုတ်မှဟုတ်ပါ့မလား၊ အောင်မြင်မှုက မြင့်မားလှချေကလားဟု သံသယမရှိပါနှင့်။ နေ့ချင်းညချင်း တတ်မြောက်ရမည်ကား မဆိုလိုပေ။ လေးငါးနှစ်၊ ဆယ်နှစ်စသဖြင့် အစဉ်တစိုက်၊ နေ့စဉ်ရက်ဆက်၊ မပြတ်တမ်းလေ့လာလေ့ကျင့်ပြီး တတ်မြောက်ကျွမ်းကျင်ပါမှ ဘဝမှာ လက်တွေ့တကယ်အသုံးချနိုင်မည်ဖြစ်၏။

အပျော်တမ်းတီးမိခေါက်မိ Amateur အဆင့်နှင့်တော့ လူရာမဝင်ပေ။

တတ်မြောက်ကျွမ်းကျင်သူ Professional Skill

**❖ အရည်အချင်းပြည့်ဝမှသာ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်နိုင်သောကြောင့် စာကောင်းပေကောင်းများကို အဖော်အပေါင်းလုပ်ရန် အလေးအနက်တိုက်တွန်းပါရစေ။ စာများများဖတ်သဖြင့် ရင့်ကျက်မှုတိုးတက်လာသောအခါ နေထိုင်၊ ပြောဆို၊ ပြုမူပုံများ သိသာစွာပြောင်းလဲလာပါလိမ့်မည်။ ပုဆိုးကွင်းသိုင်း၍ သစ်ပင်တက်ပြီး အသီးခူးစားနေသော ဘုန်းကြီးကျောင်းသားအဖြစ်မှ သာမဏေ၊ ရှင်သာမဏေမှ ဦးပဉ္စင်း၊ ဦးပဉ္စင်းမှ ဆရာတော်ကြီးအသွင်သို့ သင်တို့စိတ်က ကြီးမားမြင့်မြတ်သည်နှင့်အမျှ ကြည်ညိုလေးစားချစ်ခင်စရာ ခေါင်းဆောင်ပီသသူတွေ ဖြစ်လာကြပေမည်။ ❖**

ပီပီသသ ဆရာတစ်ဆူ အသိအမှတ်ပြုခံထိုက်ရအောင်တော်ရပေမည်။ ဤခရီးကား ဝေးသလိုလိုရှိသော်လည်း သွားဖန်များခရီးရောက်ခဲ့သူတွေ ရှေ့မှာများစွာရှိခဲ့ပါ၏။ အသက် ၂၄ နှစ်အရွယ်မှာ အင်္ဂလန်၊ လန်ဒန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ရပြီး ရန်ကုန်တက္ကသိုလ်(နိုင်ငံခြားသား အင်္ဂလိပ်နှင့်အင်ဒီးယန်းပါမောက္ခများအားလုံး၏အလယ်မှာ ပထမဦးဆုံးသော မြန်မာလူမျိုးပါမောက္ခ၊ ထိုမှ ကျောင်းအုပ်ကြီး) ပါမောက္ခချုပ် ဦးဖေမောင်တင်သည် ဤအဆင့်ရောက်ရှိအောင် မည်မျှခွဲလုံ့လဖြင့် ကြိုးစားခဲ့ရမည်ကို ဆင်ခြင်ကြည့်လိုက်ပါ။ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ဦးအေးမောင်၊ ဦးချမ်းမြ၊ ဒေါက်တာလှဘေ အစရှိသောထိပ်တန်းပညာရှင်ပါမောက္ခများ ပေါ်ထွန်းအောင် ပျိုးထောင်သင်ကြားနိုင်ခဲ့သည်ကို ကြည့်လိုက်ပါ။

မြန်မာစာ၊မြန်မာစကားကိုရုံးသုံးဘာသာဖြစ်လာစေရန် လိုအပ်ချက်(မရှိမဖြစ်)ဖြစ်နေသဖြင့် မြန်မာသဒ္ဒါကျမ်းကို ခေတ်နှင့်အညီ ပြုစုရေးသားထုတ်ဝေပြခဲ့သည်ကို မှတ်သားရပါမည်။ လွတ်လပ်ရေးဟုဆိုရာတွင် အစိုးရရုံးသုံး"မြန်မာစာ"ဖြစ်ရန် Systematic Grammer Language ရှိမှသာ ဥပဒေအရဖြစ်ခွင့်ရှိသည်ဆိုသကိုး။ အင်္ဂလိပ်စာမဖြစ်မနေတတ်အောင်လေ့လာဆည်းပူးပါ။ တရုတ်စာ၊ ဂျပန်စာ၊ ထိုင်းစာ၊ တတ်မြောက်အောင် သင်ယူပါဟု တိုက်တွန်းသဖြင့် မြန်မာစာ၊ မြန်မာစကားအပါအဝင် တိုင်းရင်းသားဘာသာစကားများကို အရေးမပါဟုအဓိပ္ပာယ်မသက်ရောက်ပါ။ ယနေ့ကြုံတွေ့နေရသော လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများ၏ အခြေခံအရင်းခံသည် အပြန်အလှန်လူမျိုးစုအချင်းချင်း ထိတွေ့ရင်းနှီးလျက် နွေးထွေးလေးစားသောဆက်ဆံရေးကို(လွန်ခဲ့သော လွတ်လပ်ရေးရစမှ နှစ်ပေါင်း ၅၀၊ ၆၀ အချိန်ကာလအတွင်း)ထိရောက်ခိုင်မာခဲ့အောင် ဘာသာစကားများအပြန်အလှန်နားလည်အောင် လုပ်ဆောင်ခဲ့ကြရန် ပျက်ကွက်ခဲ့ခြင်း (အမှန်တရားက ခါးသီးသော်လည်း)သင်ခန်းစာယူ၍ပိုမိုတိုးတက်လာအောင် ဘာသာစကားအတားအဆီး (Language Barrier) ကြီးကို ဖြိုဖျက်ဖယ်ရှင်းနိုင်ခြင်းမရှိသမျှကာလပတ်လုံး ဦးနှောက်ချင်း၊ နှလုံးသားချင်းဝေးနေကြပေဦးမည်။ အပ်နှင့်ထွင်းရမည့်အလုပ်ကို မလုပ်ခဲ့ပါက ပုဆိန်နှင့်ပေါက်နေကြရပါလိမ့်ဦးမည်။

အကျဉ်းချုံး၍ ဆိုရလျှင် အမြော်အမြင်လိုနေသည်။

အမြော်အမြင်ရှိကြရန် စာအုပ်စာပေ ဖတ်ကြရမည်။

စာကောင်းပေကောင်းတွေက အတွေးအခေါ် အတွေးအမြင်ပြည့်ဝအောင် ဖြည့်စွမ်းပေးနိုင်ပါ၏။

ပြဿနာအခက်အခဲကြုံလျှင် အမြင်မရှိသူက ပြဿနာ(Problem)ကိုသာ ကြည့်လေ့ရှိတတ်၏။

မြင်ကွင်းကျယ်သိမြင်နားလည်သူက အဖြေထုတ်နိုင်မည့်တန်ဖိုးနှင့် တန်ရာတန်ကြေးများ (Values and Prices)ကို ချင့်ချိန်ဆုံးဖြတ်တတ်၏။ ဘယ်အရာမဆို တန်ရာတန်ကြေးပေးရမည်ဟု နားလည်၏။

စာတွေပေတွေ များများလေ့လာထိတွေ့ပါက ပညာရှိများ၊ ပညာအမွန်ပညာချွန်သူ ကမ္ဘာ့ပုဂ္ဂိုလ်ကျော်ကြီးများ၏ ဦးနှောက်ကိုဖွင့်ကြည့်ပြီး သိမြင်အသုံးချတတ်ပြီ။

ဥပမာတစ်ခုဆိုကြပါစို့။

ပြည်သူလူထုကို မိမိလုပ်စေချင်သောအလုပ်ကို လုပ်လာကြအောင်၊ မိမိချီတက်စေချင်သော လမ်းကြောင်းကို စိတ်ပါလက်ပါ သီချင်းတွေသံပြိုင်အော်ဆိုရင်း ပြုံးပြုံးပျော်ပျော်ချီတက်နေကြအောင် ဘယ်လိုလုပ်မလဲ။

နံပါတ်တစ် ဩဇာတိက္ကမပြည့်စုံရ၏။

ဩဇာတိက္ကမဆိုတာဘာလဲ။ Leadership Leadership ဆိုသည်ကား အဘယ်နည်း။

လူအများက သူ၏ဩဇာလွှမ်းမိုးမှုအား လိုလိုလားလားလက်ခံလိုက်နာလိုကြခြင်းပေတည်း။

ဤသို့ဆိုလျှင် ခေါင်းဆောင်မှုက သော့ချက်ကျလှပါတကား။ မှန်၏။ လူအများအပေါ် လွှမ်းမိုးနိုင်ခြင်း၊ ဩဇာရှိခြင်းပြည့်စုံစေရန် မိမိတို့မှာ ဘာလိုအပ်သနည်း။

ငွေကြေးလား၊ မဟုတ်ပါ။

စည်းစိမ်လား၊ မဟုတ်ပါ။

နာမည်ကျော်ရခြင်းလား။ မဟုတ်ပါ။

လက်နက်လား။ လုံးဝမဟုတ်ပါ။

ဒါဆိုလျှင် ဘာလိုအပ်ပါသနည်း။

ကိုယ်ကျင့်တရား၊ အမှန်တရားမြတ်နိုးခြင်း လေးစားရှိသေလောက်အောင် ဖြောင့်မတ်မှန်ကန်ခြင်း။

ယုံကြည်ထိုက်အောင် ရိုးသားရမည်။

အားကိုးထိုက်အောင် ကြိုးစားရမည်

အားကျလောက်အောင် အောင်မြင်ရမည်။

အောင်မြင်မှုရသူများကို လူအများက အားကျကြ၏။ အောင်မြင်မှုလက်တွေ့ပြသနိုင်ပါက လူတွေက လေးစားပါ၏။ အောင်မြင်မှုရရှိရန်က ဘာတွေလိုပေသနည်း။

စွမ်းရည်ရှိရပါမည်။ စာရင်းထိုးဖော်ပြရလျှင် လူထဲကလူ အတူတူထဲမှာ ရှိသင့်ရှိထိုက်သောလူကောင်းလူတော်တို့၏ ကိုယ်ရည်ကိုယ်သွေးလက္ခဏာအင်္ဂါရပ်တွေအများကြီးပါဝင်ပါလိမ့်မည်။ ကိုယ်ကျင့်တရားကောင်းမွန်ရခြင်းကတော့ ထိပ်ဆုံးမှလိုအပ်ပါလိမ့်မည်။ အခြားအချက်များကို (များလွန်းမည်စိုးသဖြင့် နမူနာသဘောမျှသာ ဖော်ပြပါရစေ)အနည်းငယ်တင်ပြရလျှင်–

| | | |
|---|---|---|
| ၁။ | ဉာဏ်ရည်ဉာဏ်သွေး | (Intelligence Quotient ) |
| ၂။ | လုံ့လဝီရိယ | (Industrious) |
| ၃။ | ပေါင်းသင်းဆက်ဆံရေး | (Social Ability Emotional Quotient) |
| ၄။ | စိတ်ရှည်သည်းခံမှု | (Patience) |
| ၅။ | အမြော်အမြင် | (Vision) |
| ၆။ | သတ္တိ | (Courage) |
| ၇။ | ဇွဲ | (Zeal) စသည်... |

အရည်အချင်းပြည့်ဝမှသာ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်နိုင်သောကြောင့် စာကောင်းပေကောင်းများကို အဖော်အပေါင်းလုပ်ရန် အလေးအနက်တိုက်တွန်းပါရစေ။ စာများများဖတ်သဖြင့် ရင့်ကျက်မှုတိုးတက်လာသောအခါ နေထိုင်၊ ပြောဆို၊ ပြုမူပုံများ သိသာစွာပြောင်းလဲလာပါလိမ့်မည်။ ပုဆိုးကွင်းသိုင်း၍ သစ်ပင်တက်ပြီး အသီးခူးစားနေသော ဘုန်းကြီးကျောင်းသားအဖြစ်မှ သာမဏေ၊ ရှင်သာမဏေမှ ဦးပဉ္စင်း၊ ဦးပဉ္စင်းမှ ဆရာတော်ကြီးအသွင်သို့ သင်တို့စိတ်က ကြီးမားမြင့်မြတ်သည်နှင့်အမျှ ကြည်ညိုလေးစားချစ်ခင်စရာခေါင်းဆောင်ပီသသူတွေ ဖြစ်လာကြပေမည်။ စာဖတ်ခြင်းမှ မုချရမည့် အဓိကကောင်းကျိုးနှစ်ခုရှိသည်။

**၁။ ရသမှပျော်ရွှင်မှုများ(Pleasures)**

**၂။ သုတမှ အမှန်တရားမြတ်နိုးတတ်ခြင်း အပါအဝင် စွမ်းရည်သတ္တိများ(Powers)**

ခေါင်းဆောင်ကောင်းဖြစ်လာအောင် ဘယ်သူက မောင်းနှင်ပေးမှာလဲ။ အခြားသူမဟုတ်ပါ။ မိမိကိုယ်တိုင်သာပါပဲ။ ကမ္ဘာကျော်ဘတ်စကတ်ဘောအကျော်အမော် မိုက်ကယ်ဂျော်ဒန်က စာအုပ်တစ်အုပ်ရေးခဲ့ဖူးတယ်။ "Driver from Within" သင့်ရင်ထဲက တွန်းတင်မောင်းနှင်သူပဲတဲ့။

နိဂုံးမချုပ်ခင်မှာ စာရေးဆရာရော်ဘင်ရှားမားရေးတဲ့ The Leader who had No Title ဆိုတဲစာအုပ်ထဲက ရုပ်ပုံလွှာ(Image)ကို အဓိပ္ပာယ်ဖွင့်ပြခဲ့ပုံကို မှတ်သားစရာကောင်းလှတာမို့ ဖော်ပြလိုပါတယ်။

IMAGE မှာ ဒါတွေပြည့်စုံစေရမယ်။

| | | | | |
|---|---|---|---|---|
| **I** | **=** | **Innovation** | **=** | **ဆန်းသစ်ဖန်တီးမှု** |
| **M** | **=** | **Mastery** | **=** | **ကျွမ်းကျင်ပိုင်နိုင်မှု** |
| **A** | **=** | **Authenticity** | **=** | **စစ်မှန်မှု** |
| **G** | **=** | **Gut** | **=** | **ဇွဲလုံ့လဝီရိယ** |
| **E** | **=** | **Ethics** | **=** | **စရဏကိုယ်ကျင့်တရား** |

ဒီ IMAGE ပုံရိပ်သင့်မှာပြည့်စုံနေပါစေ။

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၅၃၇ ဧကစိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင် စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၅၃၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၅၃၇ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မတ်ပဲ ၁၂၅၃၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မတ်ပဲတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေး နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားပါမယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည်တို့ကို အသိပညာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။ (၂၀၆)

# ဇီးကုန်းမြို့နယ် ထန်းတပင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဇီးကုန်း စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းတပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရန်နှင့် စာရင်းဇယားများ၊ ကျေးရွာအချက်အလက်များကောက်ယူရန် ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီများ ရွေးချယ်ဖွဲ့စည်းရန်လိုအပ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ စီမံကိန်းနှင့်ပတ်သက်၍ ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းတို့က ထန်းတပင်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် စီမံကိန်းလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကိုညီ

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မြောင်းမြ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၉၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရက် ၉၀ ဆန်က ဆန်ကြမ်းထဲမှာဆို စားလို့အကောင်းဆုံး ဆန်အမျိုးအစားလို့ ပြောလို့ရပါတယ်။ ဆန်အရည်အသွေးကလဲ တော်တော် ကောင်းပါတယ်။ ဒါ့ကြောင့်လဲ အဝယ်များပြီး တင်ပို့ကုန်များခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဩဂုတ်လအတွင်း ဒီဘက်ကနေ ရက် ၉၀ ဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရက် ၉၀ ဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ မှာယူမှုများနေပြီး အဝယ်လိုက်နေပါတယ်"ဟု မြောင်းမြမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြသည်။



မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၈၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

ကျော်ကျော်လင်း

# ဟိုပုံးမြို့နယ် လွယ်အွန့်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဟိုပုံး စက်တင်ဘာ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွယ်အွန့်ကျေးရွာအုပ်စု လွယ်အွန့်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက လွယ်အွန့်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပအိုဝ့်လမင်းအစုအဖွဲ့သုံးဖွဲ့မှ DYL အသားတိုးဝက်များ မွေးမြူထားရှိမှု၊ လစဉ်ဖြည့်သွင်းရသည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ညွှန်ကြားရေးမှူးက RBF စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုး အသားတိုးဝက်မွေးမြူရေးလုပ်ငန်းများကို RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ နှင့် အသင်းဝင်များ၏ မတည်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လွယ်အွန့်ကျေးရွာရှိ အသားတိုးဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးများရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချိုသန်းညွန့်

# စလင်းမြို့နယ် သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားတောမြောက်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ၃၃ ကြိမ်မြောက် ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၆ ရက်က အဆိုပါကျေးရွာမွှာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက မတည်ရန်ပုံငွေအရင်း၊ အတိုးပေးဆပ်ရမည့် ကာလများနှင့်ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ သတ်မှတ်ရက်အတွင်း အတိုးငွေပေးသွင်းရန် နောက်ကျပါက ပေးဆောင်ရမည့် ဒဏ်ကြေးများအား ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၄၄ ဒသမ ၃ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့သည် မြို့နယ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ ၃၃ ကြိမ်မြောက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို ငွေကျပ် ၄၄ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

သန်းသန်းစိုး

# အမှောင်မရင့်မီ

## နွေကုံကျော် (မြို့လှ)



ပစ္စက္ခကာလ နှလုံးအိမ်အတွင်း ယိုဖိတ်လျက်ရှိသော ကြည်နူးချမ်းမြေ့ခြင်းအဖုံဖုံသည် အတိုင်းအထွာမရလောက်သည်ထိ ဘောင်ဘင်ခတ်နေသည်။

ကားပေါ်ကအဆင်း ခံစားလိုက်ရသည့် သန္တရသအဖုံဖုံသည် ရင်ကိုငြိမ်းအေးလွန်းလှသည်တကား။ ဤအရိပ်၊ ဤဒေသနှင့် မည်မျှပင် ကြာအောင်ခွဲရသည်ဖြစ်စေ ဤနေရာလေးသို့ ပြန်လည်ခြေချရသည်နှင့် ကိုယ့်ကမ္ဘာငယ်လေးထဲကို ပြန်ရောက်သွားသလိုလို ခံစားမှုများစီးကူးလာခဲ့သည်။ ပျော်ရွှင်မှုဒီရေများ တရိပ်ရိပ်တိုးလာရသည်။

ကားပေါ်ကဆင်းဆင်းချင်း မိုးရိပ်မကင်းသည့် လေအေးတစ်ချက်က သူ့ကိုဆီးကြိုနှုတ်ဆက်သည်။

"ဆွဲ ဆရာရေ"

ကတ္တရာလမ်းပေါ်ခြေချသည်ဆိုရုံရှိသေး စပယ်ယာဆီမှ စည်းချက်ကျသည့် နှုတ်ဆက်သံက ထွက်ပေါ်လာ၏။ ကားလမ်းဘေးရှိ ပျဉ်းကတိုးပင်ကြီးအောက်တွင် ခဏရပ်ရင်း မရောက်တာကြာခဲ့ပြီဖြစ်သော ရွာလေးဆီလှမ်းမျှော်ကြည့်မိသည်။ ပျဉ်းကတိုးပင်ကြီးသည် တဖြည်းဖြည်းချင်း ငယ်ရုပ်ပြောင်းလာခဲ့လေပြီ။

ယခုတော့ မိုးကာလမို့လားမသိ ဖွံ့ဖြိုးကြီးထွားလာသောပင်စည်၊ စိမ်းမြသောအရွက်အခက်တို့ဖြင့် သတ္တလောကကြီးကို ဝင့်ဝင့်ကြွားကြွား မျက်နှာချင်းဆိုင်ထား၏။ သစ်တစ်ပင်ခုတ် ထောင်သုံးနှစ်ဆိုသည့် သူ့ကိုယ်ပိုင်တံဆိပ်လေးကတော့ ဆေးသားခပ်မှိန်မှိန်ဖြင့် မော်ကြွားနေဆဲပင်။

မကြာမီရောက်ရှိတော့မည့် မိုးရေဖွေးဖွေးဝန်းရံလျက်ရှိသည့် ဇာတိချက်မြှုပ်ရွာလေးသည်ကား သူငယ်စဉ်ကအတိုင်း မပြောင်းမလဲ အလှသရုပ်ဖော်နေဆဲပင်ရှိ၏။ ညတုန်းက မိုးအတော်ရွာထားပုံရသည်။ ကျောက်ခင်းလမ်းအတိုင်းလျှောက်လာပြီး မကြာမီ "ဦးဖိုးဝယာမြေ မကျူးကျော်ရ" ဟူသော လမ်းဘေးထရံကပ်ဆိုင်းဘုတ်လေးကို တွေ့ရခိုက် စိတ်ပါဝင်စားစွာကြည့်ပြီး ပြုံးလိုက်မိသေး၏။ ယာဟုဆိုသော်လည်း ဘာမှစိုက်ပျိုးရသေးပုံမပေါ်။ မြေကလည်း အရိုင်းသက်သက်။

ယာမြေနှင့်ကပ်လျက် အောက်အနိမ့်ပိုင်းတွင် သပြေခင်းတချို့ကို တွေ့ရသည်။

"ဗွက်လမ်းမဟုတ်တော့ပါဘူးကွ၊ ကျောက်ခင်းလမ်းဖြစ်နေပါပြီ"

ကျောက်ခင်းလမ်းအတိုင်း လျှောက်လာရင်းမှ ညတုန်းကအဖေနှင့် ဖုန်းပြောခဲ့သည်ကို အမှတ်ရမိသည်။ ကျောက်ခင်းလမ်းမို့ ငယ်စဉ်ကလို ဗွက်နစ်သည့်ဒုက္ခမခံစားရတော့ပေ။ သို့မှသာလျှင် သကြားစက်သို့ ကြံပို့မည့်ကားကြီးများလည်း ဗွက်နစ်ခြင်းမှကင်းဝေးမည်ဖြစ်သည်။

သကြားစက် ကုန်းဆင်းရောက်သည်နှင့် မခံစားရတာကြာပြီဖြစ်သော ကြံဖတ်အနံ့များက နှာခေါင်းဝဆီ စူးစူးဝါးဝါးဝင်ရောက်လာသည်။ သို့သော် ကျင့်သားရခဲ့ပြီးသားအနံ့များမို့ စက္ကန့်ပိုင်းအတွင်းမှာပဲ အဆိုပါ ရနံ့များနှင့်ပြန်လည်ယဉ်ပါးသွား၏။ ရှေ့ခပ်လှမ်းလှမ်းဆီမှ ဆိုင်ကယ်တစ်စီးသံကြားလိုက်ရသည်။ မြင်ကွင်းထဲပေါ်ပေါ်လာချင်း–

"ဝေး..."

ဆိုင်ကယ်ပေါ်ကနေ လက်ဝှေ့ယမ်းပြ၏။ သေသေချာချာကြည့်လိုက်တော့ အဖေနှင့် ညီမလေး သက်မာဖြစ်၏။ သက်မာက အဖေ့နောက်က စီးလာရင်းသူ့ကိုလက်ပြနေခြင်းဖြစ်သည်။ ဆိုင်ကယ်ကို အဆင်းမှာပဲရပ်ပြီး သူ့ကိုစောင့်နေကြသည်။

"ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်တာမဟုတ်ဘူးကွာ၊ အဖေတို့က စောသေးတယ်ထင်လို့"

"မိုးရွာနေမှာစိုးလို့ မခေါ်တာအဖေရ"

"အစ်ကိုကြီး သက်သက်မှာတာပါလား"

"ပါပါတယ်ဗျာ၊ ရော့ အိတ်ယူသွားပြီး ပြန်နှင့်၊ အဖေနဲ့ အစ်ကိုကြီး လမ်းလျှောက်လိုက်ခဲ့မယ်"

"မောင်နှမနှစ်ယောက် ဆိုင်ကယ်နဲ့ပြန်လေကွာ၊ အဖေ လမ်းလျှောက်ခဲ့မယ်"

"သားလဲ လမ်းလျှောက်ပြန်ချင်လို့ပါအဖေရ"

" ကဲ ဒါဆိုလဲ သက်သက်ပြန်နှင့်ပြီ" ဟုဆိုကာ ညီမငယ်က ဆိုင်ကယ်စီး၍ ရွာဆီထွက်သွားနှင့်၏။

အရင်တုန်းက တောဟုအမည်တွင်ခဲ့သော လက်ရှိနေရာလေးတွင် တိုးချဲ့လာသော အိမ်ခြေများ အပြင် မွေးမြူရေးခြံများက အစားထိုးဝင်ရောက်လာသည်ကိုတွေ့ရသည်။ သူတို့ငယ်စဉ်က လောင်စာအတွက် ထင်းလာခုတ်ရသော တောတန်းလေးသည်ကား ယခုဆို ကျိုးတိုးကျဲတဲ ဝါးရုံပင်များနှင့်အပင်ငယ်လေးများသာရှိတော့၏။ အင်ပင်များ နည်းကုန်သောကြောင့် အင်ဖက်ကောက်သူများပင် ကောက်လို့ရပါအုံးမလားဟု တွေးလိုက်မိသည်။

"တော်တော်လေးကို ပြောင်းလဲသွားတာပဲ အဖေရ၊ မီးတိုင်တွေလဲ ထောင်ထားပြီဆိုတော့"

"မီးရတာတော့ မကြာသေးဘူးသားရ၊ ကိုယ်ထူကိုယ်ထပေ့ါကွာ"

ဘာပဲဖြစ်ဖြစ် သူဝမ်းသာမိသည်။ အရင်လို ရေနံဆီ၊ ဖယောင်းတိုင်နှင့်မဟုတ်တော့တာကြောင့် ရွာသူ၊ ရွာသားများအတွက် အများကြီးအကျိုးရှိသည်။ အဖေက လမ်းတစ်လျှောက် မြင်တွေ့ရသမျှ ပတ်ဝန်းကျင်အခြေအနေများကို ရှင်းပြလာသည်။

"ဓာတ်တိုင်ပတ်ဝန်းကျင်မီးမရှို့ရ"

"ဓာတ်အားလိုင်းများ မိမိသဘောဖြင့် ထပ်ဆင့်သွယ်တန်းခြင်းမပြုရ"

ဓာတ်တိုင်များနှင့် ထရန် စဖော်မာအနားတွင် တွေ့ရသော ဆိုင်းဘုတ်များကြောင့် အဖေ့ကို မေးကြည့်ရာ –

"တစ်လောက မီးခိုးသွယ်ရင်း ရွာအရှေ့ပိုင်းကကိုထွန်းမြင့်သား ဓာတ်လိုက်ဆုံးတယ်လေ၊ ဒါတင်မကသေးဘူး ဓာတ်တိုင်နားမှာ မီးကပ်ရှို့လို့ တစ်ရွာလုံးပြာကျတော့မလို့ဘဲ၊ ကံကောင်းလို့ အချိန်မီသိပြီး တားဆီးလိုက်နိုင်လို့ ဘာမှမဖြစ်တာ"

အဖေ့စကားကြားရုံနှင့်သူပါ ကျောချမ်းမိသည်။ ရွာအနောက်ဘက် သင်္ချိုင်းကုန်းနားရောက်သောအခါ အရင်ကထက် တစ်စတစ်စ တိုးလာသောအိမ်ခြေများကို တွေ့ရပြန်သည်။ အရင်တုန်းက သင်္ချိုင်းနားမှာ မည်သူမျှမနေရဲခဲ့ကြ။ သင်္ချိုင်းကုန်းနှင့် ရထားလမ်းက ကပ်လျက်ဖြစ်သည်။ ရထားလမ်းမရောက်ခင် လမ်းဘေးကပ်လျက် အိမ်များကိုကြည့်ရင်း–

"ဒါက ဦးမောင်ဌေးသား ဝင်းကြိုင်တို့အိမ်လေကွာ၊ မိဘတွေကတော့ ရွာထဲမှာနေကြတယ်" ဟု အဖေက ရှင်းပြ၏။ အမှတ်တမဲ့ အိမ်ထဲသို့ကြည့်လိုက်ရာ စိတ်ဝင်စားစရာတစ်ခုကို တွေ့လိုက်ရသောကြောင့် အာရုံစူးစိုက်ကြည့်လိုက်မိသည်။

"ဘိလိယက်ခုံပါလား"

"ဟုတ်တယ်လေကွာ၊ အခုဆို ရွာက ပေ့ါသေးသေးမဟုတ်တော့ဘူး သားရ"

အဖေ့စကားသံက ဂုဏ်ယူတာလိုလို၊ အမွှမ်းတင်တာလိုလို။ တစ်ခုခုကို ပြောချင်တာလိုလို။ သံလမ်းခုံးကျော်လေးက အရင်လိုမဟုတ်တော့ဘဲ ဂိတ်တွေဘာတွေနှင့် တကယ့်ကို စည်းကမ်းတကျဖြစ်နေတာကို တွေ့ရပြန်သည်။ ဝါ၊ စိမ်း၊ နီ သင်္ကေတလေးဖြင့် "ရပ်ကြည့်သွား" လုပ်ထားပေးသေး၏။

သူတို့ငယ်စဉ်အခါက ဒါမျိုးတွေမရှိခဲ့ပါပေ။ ပျိုးကြဲထားသော ကြဲသားစပါးခင်းများနှင့် ထယ်ရေးလိုက်ထားသော လယ်ကွက်များဆီမှ ရွှံ့နံ့သင်းကို ရှူလိုက်ရသည်နှင့် လူမှန်နေရာမှန်ကို ပြန်ရောက်သွားသလို သူခံစားလိုက်ရသည်။ တစ်ဆက်တည်းအမျိုးအမည်မသိသော ကြည်နူးမှုလှိုင်းတစ်ခုသူ့နှလုံးအိမ်ဆီ စီးကူးသွားခဲ့၏။

"ဟား ဝေမိုးကြီးပြန်လာပြီလားကွ"

"ဟုတ်ကဲ့ ဘကြီးမောင်၊ အလည်ခဏပြန်လာတာပါ၊ မိပိုတို့ရောရှိကြလား"

"အေးကွ သူတို့တွေက နေပြည်တော်မှာ ငှါတူရ"

ဘကြီးမောင်ကိုတွေ့တော့မှ ရွာအနောက်ဘက်က လယ်ကွင်းတစ်ခုဆီ အကြည့်များရောက်သွားမိသည်။ ငယ်စဉ်က ရွာအနောက်ဘက်မှာရှိသည့် ဘကြီးမောင်တို့လယ်ကွက်တွင် သူတို့ဘောလုံးကစားခဲ့ကြသည် မဟုတ်ပါလား။

"ဘကြီးမောင်တို့ရော လယ်လုပ်သေးလား"

"သူ့သား အငယ်ကောင်ထိုင်းသွားချင်တယ်ဆိုလို့ လယ်တွေရောင်း၊ နွားတွေရောင်းပြီး ပို့လိုက်တာ၊ ဖွတ်မရဓားမဆုံးဖြစ်ပါလေရော ငှါ့သားရာ၊ အခုလဲ ရွာမှာက ဂျပန်နဲ့ ကိုရီးယားရောဂါထနေကြပြန်ပြီ"

အဖေက ခေါင်းခါရင်းဆို၏။ တစ်နိုင်ငံလုံး ခေတ်စားနေသည့် ပြည်ပရောဂါများမို့ အဖေ့ကို ဘာမှထပ်မပြောဖြစ်ပေ။

" ဟင်. .. ဒါ လေးမြဌေးတို့အိမ်မဟုတ်လား"

ရွာထဲဝင်ဝင်ချင်း မြင်တွေ့လိုက်ရသော အနေအထားတစ်ခုကြောင့် အံ့ဩမှင်တက်စွာ မေးလိုက်မိသည်။

"အေးလေကွာ"

"အရင်တုန်းက ခြံပတ်ပတ်လည်မန်ကျည်းပင်ကြီးတွေရှိလားလို့ပါ"

"ဟုတ်တယ် ငှါ့သားရေ၊ မင်းမြင်တဲ့အတိုင်းပဲ၊ ဒါသူတို့တည်းမဟုတ်ဘူး၊ ရှိသမျှ မန်ကျည်းပင်တွေ၊ သရက်ပင်တွေ၊ အုန်းပင်တွေမကျန် လမ်းတွေချဲ့၊ မီးတိုင်တွေထောင်ရတော့ မလွတ်တာတွေပါကုန်တယ်၊ မီးတိုင်တွေထောင်လို့ ခုတ်ရတာတော့ မပြောချင်ပါဘူးကွာ၊ အခုတို့ရွာထဲမှာ မန်ကျည်းပင်ဆိုတာ ခပ်ရှားရှားဖြစ်နေပြီ"

"ဘာဖြစ်လို့တုံး အဖေရ၊ အရင်လိုပဲ မန်ကျည်းသီးဝယ်သူတွေလာကြတယ်မဟုတ်ဘူးလား"

သူတို့ငယ်စဉ်က မန်ကျည်းသီးသည် ဈေးကွက်စီးပွားရေးအတွက် အကောင်းဆုံးထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်ခဲ့၏။

"အခု ရွာတောင်ပိုင်းက ဦးကျော်သိန်းတို့လဲ မန်ကျည်းသီးအရောင်းအဝယ် မလုပ်တော့ဘူးလေ၊ လုပ်ရအောင်လဲ လူမရှိ ထွက်ကုန်မရှိတော့ဘူးလေ၊ လူတွေကလဲ တစ်နှစ်မှတစ်ခါငွေရတဲ့ မန်ကျည်းသီးလုပ်ငန်းထက် မန်ကျည်းပင်ကို ခုတ်လှဲရောင်းချပြီး ငွေများများရတဲ့ မီးသွေးဖုတ်လုပ်ငန်းလုပ်တဲ့ မီးသွေးဖုတ်သမားတွေကိုပဲ ဦးစားပေးရောင်းလာကြတယ်။ အရင်ကဆို ဦးကျော်သိန်းတို့ မန်ကျည်းသီး အရောင်းအဝယ်လုပ်တော့ ရွာကလူတွေပါကိုယ်စီအလုပ်ရကြတယ်၊ ကလေးတွေကျောင်းပိတ်ရင် မန်ကျည်းသီးကောက်လိုက်၊ မန်ကျည်းသီးထုလိုက်နဲ့ အပိုဝင်ငွေရကြတယ်၊ အခုတော့ မန်ကျည်းပင်တွေ မီးသွေးဖြစ်ရုံ မကဘူး၊ ရွက်နုလဲရှား၊ အသီးလဲတုံး၊ အရိပ်တောင် ခိုဖို့မလွယ်တော့တဲ့ဘဝ"

ကြားရသည်များအတွက် ဝေမိုး နှမြောတသစိတ်တွေဖြစ်ပေါ်လာမိသည်။ အဖေ့စကားတွေကို နားထောင်ရင်း သူတို့ငယ်စဉ်က မန်ကျည်းသီးကောက် ထွက်ခဲ့ကြတာတွေကို သတိရလာမိသည်။ အဲဒီတုန်းကဆို နွေရာသီကျောင်းပိတ်ရက်တိုင်း သူတို့တွေ မန်ကျည်းသီးကောက်လိုက်ခဲ့ကြသည်။

အပိုဝင်ငွေရသောကြောင့် ကစားလိုက်၊ မန်ကျည်းသီးကောက်လိုက်ဖြင့် နွေရာသီကျောင်းပိတ်ရက်တွေကိုဖြတ်သန်းခဲ့ကြသည်။ ညနေမန်ကျည်းသီးကောက်ပြန်လာလျှင် ဘကြီးမောင်တို့လယ်ကွက်မှာဘောလုံးကန်ကြသည်။ တကယ့်ကို ပျော်စရာကောင်းလှသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ကမ္ဘာမြေနှင့်လူသားများသာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့

မောင်စိန်အိ(နဘဲမြေ)

နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်သည်။ ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အတွက် ဆောင်ပုဒ်သည် "ကမ္ဘာမြေနှင့် လူသားများ သာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့ " "Literacy for people, the planet, and prosperity"ဖြစ်သည်။ လူတိုင်းစာတတ်မြောက်မှသာလျှင် ကမ္ဘာမြေနှင့်လူသားများ၏သာယာဝပြောမှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(UNESCO)က လူတစ်ဦးတစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်း တစ်ခုလုံးတွင် စာတတ်မြောက်မှု၏ အရေးပါပုံကို မီးမောင်းထိုးပြနိုင်ရန်အတွက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အမှန်တော့ စာတတ်မြောက်ခြင်းသည် လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးတို့အတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် လူတိုင်းစာတတ်မြောက်ခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းကြီးကို ထူထောင်နိုင်မည်ဖြစ်သည်။

**စာဖတ်တတ်လျှင်**

လူတစ်ဦးသည် စာဖတ်တတ်ရေးတတ်လျှင် စာတတ်သည်ဟု ယေဘုယျဆိုနိုင်သည်။ ယနေ့ကမ္ဘာကြီးတွင်မူ သီးသန့်နယ်ပယ်တစ်ခု၌ အသိပညာဗဟုသုတ ကြွယ်ဝခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းကို စာတတ်မြောက်သည်ဟု ဆိုလာကြသည်။ စာတတ်မြောက်မှု အယူအဆ သဘောတရားသည် တဖြည်းဖြည်း ပြောင်းလဲလာနေပြီဖြစ်သည်။ မျက်မှောက်ကာလတွင် စာတတ်မြောက်မှု၌ ဘာသာစကား၊ ကိန်းဂဏန်းအချက်အလက်၊ ဓာတ်ပုံ၊ ကွန်ပျူတာ၊ ဆက်သွယ်ရေးနှင့်အခြားသောဗဟုသုတများကို သိရှိနားလည်ခြင်း၊ ကျွမ်းကျင်တတ်မြောက်ခြင်းနှင့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းတို့လည်း အကျုံးဝင်လာသည်။

လောကတွင် ပညာနှင့်တူသော အလင်းရောင်မရှိချေ။ ထိုအသိပညာ၊ အတတ်ပညာကို ဆည်းပူးနိုင်ရန်အတွက် အခြေခံလိုအပ်ချက်သည် စာဖတ်၊ စာရေးတတ်ရန် လိုအပ်မည်ဖြစ်သည်။ လူတစ်ဦးသည် မိခင်ဝမ်းမှ ကိုယ်လက်အင်္ဂါစုံလင်စွာဖြင့် ကျန်းမာသန်စွမ်းစွာ မွေးဖွားကြီးပြင်းလာခဲ့သော်လည်း သေစာ၊ ရှင်စာကိုမျှ မဖတ်တတ်လျှင် လူဖြစ်ရကျိုးမနပ်ပေ။ စာမတတ်သူတစ်ဦးသည် မျက်စိနှစ်ကွင်းအလင်းရသော်လည်း မည်သည့်အသိပညာဗဟုသုတကိုမျှ ရှာမှီးနိုင်ခြင်းမရှိသဖြင့် အကန်းတစ်ယောက်နှင့် တူနေမည်ဖြစ်သည်။ နေ့စဉ်နှင့်အမျှ သတင်းနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့်တိုးတက်လျက်ရှိသော ဒစ်ဂျစ်တယ်ခေတ်ကြီးတွင် မွေးရာပါကိုယ်လက်အင်္ဂါချို့ယွင်းသူများသည်ပင်လျှင် စာပေတတ်မြောက်အောင် လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်သည်။ ထို့ကြောင့် အခြေခံစာလောက်တော့ဖတ်တတ်၊ရေးတတ်အောင် ကြိုးစားလေ့လာဆည်းပူးသွားသင့်သည်။

**အပြန်အလှန်တည်မှီနေ**

စာတတ်မြောက်မှုအဓိပ္ပာယ်သည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ပို၍ကျယ်ပြန့်လေ့ရှိသည်။ နည်းပညာကို အခြေခံ၍ကျယ်ပြောရှုပ်ထွေးသည့်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဆိုလျှင် စာတတ်မြောက်သည်ဟုဆိုကြသည်။ တိုင်းပြည်တိုးတက်မှုအပေါ်မူတည်၍ စာတတ်မြောက်မှု ဖွင့်ဆိုချက်အဓိပ္ပာယ်သည် ကွဲပြားနေမည်ဖြစ်သည်။ ပြည်သူများ စာတတ်မြောက်မှုနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုတို့သည် အပြန်အလှန် အမှီသဟဲပြုလျက်ရှိသည်။ ပြည်သူများ စာတတ်မြောက်မှုနှုန်း မြင့်မားလျှင် တိုင်းပြည်တိုးတက်လာမည်ဖြစ်သကဲ့သို့ အစိုးရတစ်ရပ်သည် ပညာရေးအသုံးစရိတ်ကိုပိုမိုသုံးစွဲသွားမည်ဆိုလျှင် ပြည်သူများ၏ စာတတ်မြောက်မှုနှုန်းလည်း မြင့်မားနေမည်ဖြစ်သည်။




**ကမ္ဘာ့စာတတ်မြောက်မှုနှုန်း**

၂၀၂၆ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းသက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၈၈ ရာခိုင်နှုန်းခန့်နှင့် လူငယ်စာတတ်မြောက်မှုနှုန်းသည် ၉၃ ရာခိုင်နှုန်းခန့်ရှိသော်လည်း ကမ္ဘာ့ပြည်သူ ၇၃၉ သန်းသည် အခြေခံ စာရေး၊ စာဖတ်နိုင်စွမ်းမရှိကြပေ။ အထူးသဖြင့် အာဖရိကဒေသနှင့် တောင်အာရှဒေသတို့မှ ပြည်သူများသည် စာတတ်မြောက်မှုနှုန်း နည်းပါးသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်း၌ လူငယ် ၆၂ ရာခိုင်နှုန်းခန့်သည် အထက်တန်းအဆင့် ပညာပြီးမြောက်သော်လည်း အာဖရိကဒေသတွင် လူငယ် ၂၉ ရာခိုင်နှုန်းခန့်သာလျှင် အထက်တန်းအဆင့်ပညာ ပြီးမြောက်သည်။ ချက်သမ္မတနိုင်ငံသည် စာတတ်မြောက်မှုနှုန်း ၃၀ ရာခိုင်နှုန်းသာရှိပြီး နိုင်ဂျာနှင့် မာလီနိုင်ငံတို့သည် ၃၅ ရာခိုင်နှုန်းစီသာ အသီးသီးရှိကြသည်။

**မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်း**

မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်တွင် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို အမျိုးသားရေးအသွင်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသည်။ စာတတ်မြောက်ရေးလူထုလှုပ်ရှားမှု ဆောင်ရွက်ရာတွင် အောက်ခြေရပ်ကွက် ကျေးရွာမှသည် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ထိ စာတတ်မြောက်ရေးကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းကာ နွေကျောင်းပိတ်ရက်ကာလများအတွင်း တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ၊ စေတနာရှင်လုပ်အားပေး ဆရာ၊ ဆရာမများ၏အားဖြင့်သင်ကြားပေးခဲ့ကြရာ မြို့နယ်လုံးကျွတ်၊ တိုင်းလုံးကျွတ် ပြည်နယ်လုံးကျွတ် စာတတ်မြောက်ခဲ့ကြပြီးအောင်ပွဲများ ကျင်းပနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ စာတတ်မြောက်မှုနှုန်းသည် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး အခြေခံသင်္ချာတွက်ချက်နိုင်မှု ရာခိုင်နှုန်းသည် ၉၂ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။ မြို့ပြတွင် စာတတ်မြောက်မှုနှုန်း ၉၅ ရာခိုင်နှုန်းရှိပြီး ကျေးလက်တွင် ၉၀ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍမြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် အခြေခံပညာအထက်တန်းထိ အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်လျက်ရှိသည်။ ထို့ပြင် ကျောင်းထွက်နှုန်း လျော့ကျရေးအတွက်လည်း စီမံချက်ချ၍ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ပြည်သူများ၏ တက်ကြွသောပူးပေါင်းပါဝင်ဆောင်ရွက်မှု များစွာလိုအပ်သည်။

**နိုင်ငံသားအားလုံးစာတတ်မြောက်ရေး**

ပြည်သူအားလုံး စာတတ်မြောက်ရန်အတွက် အခြေခံအကျဆုံးသောအချက်သည် ကျောင်းနေအရွယ်ကလေးသူငယ်များ ကျောင်းအပ်နှံမှုနှုန်း မြင့်မားလာအောင် အလေးထား၍ စည်းရုံးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် ကလေးသူငယ်များကို မူလတန်းပညာရေးမှသည် ဘွဲ့ရ၊ဘွဲ့လွန်အဆင့်ထိ အတန်းစဉ် ဆက်လက်ပညာသင်ကြားနိုင်ရေးအတွက်လည်း အခွင့်အလမ်းကောင်းများ ဖန်တီးပေးသွားရန် လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် ပညာရေးကဏ္ဍတွင် လက်တွေ့ကျသော ပြုပြင်ဆောင်ရွက်မှုများ လုပ်ဆောင်သွားသင့်သည်။ ထို့ပြင် ကျောင်းထွက်နှုန်း လျော့ကျရေးအတွက်လည်း စီမံချက်ချ၍ ဆောင်ရွက်သွားသင့်သည်။

စာတတ်မြောက်ခြင်းသည် အပြန်အလှန်နားလည်ခြင်း၊ လူမှုအသိုက်အဝန်းတွင် စည်းလုံးညီညွတ်ခြင်းနှင့်ငြိမ်းချမ်းခြင်းတို့ တည်ဆောက်ရာတွင် များစွာအထောက်အကူပြုလျက်ရှိသည်။ လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ တိုးတက်မှုကို ဖော်ဆောင်လိုသောလူတိုင်းသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မူလဘာသာစကားကို အခြေခံလျက် ဘာသာစကားစုံ ပညာရေးကို လေ့လာသင်ယူလျက်ရှိသည်။ ထိုသို့ ချဉ်းကပ်ခြင်းသည် လူမှုအသိုက်အဝန်းအတွင်း အပြန်အလှန်နားလည်မှုနှင့်ယုံကြည်မှုတို့ကို တည်ဆောက်သွားမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားအားလုံး စာတတ်မြောက်ပြီး ဗဟုသုတကြွယ်ဝနေမည်ဆိုလျှင် ကျွမ်းကျင်မှုလည်း တိုးတက်လာမည်ဖြစ်သည်။ ကျွမ်းကျင်မှုပြည့်ဝသော နိုင်ငံသူ၊ နိုင်ငံသားများနှင့် တည်ဆောက်ထားသော တိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်မှုများ တစ်နေ့တခြား ရရှိပိုင်ဆိုင်နေမည်မှာ အသေအချာပင်ဖြစ်သည်။

**ကျေးလက်စာကြည့်တိုက်**

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည်။ ကျေးလက်နေပြည်သူများသည် လုပ်ငန်းခွင်မှ ပြန်လည်ရောက်ရှိချိန် နေ့လည်နေ့ခင်းများတွင် အနားယူချိန်ရလေ့ရှိသည်။ ထိုအချိန်မျိုးတွင် အကျိုးရှိသည့် သုတ၊ ရသရရှိစေမည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း တစ်ခုခုသာ ဖတ်ဖြစ်သွားမည်ဆိုလျှင် အသိပညာဗဟုသုတတိုးပွားလာမည်ဖြစ်သည်။ သို့သော် လက်တစ်ကမ်းတွင် စာအုပ်၊ စာပေများ ရှိနေရန်လိုသည်။ ထို့ကြောင့် ကျေးလက်ဒေသများတွင်စာကြည့်တိုက်များဖွင့်ထားပေးသင့်သည်။ ထိုသို့ ဖွင့်ပေးသည့် စာကြည့်တိုက်များတွင် စာအုပ်အဟောင်းများနှင့် သတင်းစာ၊ ဂျာနယ် အဟောင်းများကို တင်ထားသည်ထက် အသစ်ထွက်ရှိသည့် စာအုပ်၊ စာပေများကိုသာ တတ်နိုင်သမျှ တင်ထားပေးသင့်သည်။ အထူးသဖြင့် စာကြည့်တိုက်များကို သော့ခတ်ပိတ်ထားမည်ဆိုလျှင် စာဖတ်သူဦးရေ လျော့နည်းသွားမည်ဖြစ်သည်။

**ကမ္ဘာမြေနှင့် လူသားများ သာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့**

"အလိမ္မာစာမှာရှိ"ဆိုသကဲ့သို့ စာတတ်မှသာလျှင် အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကို ခွဲခြားသုံးသပ်ဆုံးဖြတ်နိုင်စွမ်း ရှိမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် စာတတ်မြောက်မှုဆိုသော အယူအဆ သဘောတရားသည်ကျယ်ပြန့်လာပြီဖြစ်သည်။ ထို့ကြောင့် လူတစ်ဦး၏ စာတတ်မြောက်မှုနယ်ပယ်သည် ဘာသာစကားပေါင်းစုံ၊ ကွန်ပျူတာ၊ ကိန်းဂဏန်းအချက်အလက်၊ လူမှုဆက်ဆံရေးမှသည် ပညာရပ်နယ်ပယ်ပေါင်းစုံတွင် အချိန်နှင့်အမျှ ပိုမိုကျယ်ပြန့်လာလျက်ရှိသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ အခြေခံအကျဆုံးသောအချက်သည် နိုင်ငံသားအားလုံး စာတတ်မြောက်ရေးပင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာမြေနှင့်လူသားများ သာယာဝပြောရေးအတွက် လူတိုင်းစာတတ်မြောက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟုတိုက်တွန်းရင်း နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

(၁) **၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း။**

(၂) **https://www.uis.unesco.org/en/2026-education-data-refresh**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၈၁၉၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**အရာတော် စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၈၁၉၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း အရာတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၈၁၉၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ကုလားပဲ ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်" ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်းနှင့် ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း စက်တင်ဘာ ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယန်းခိုင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ယန်းခိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၅ သန်းကို ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်ထံမှ သိရသည်။

**အောင်ရဲကျော်**

## စာအုပ်စာပေ လှူမိတ်ဆွေ










## အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်၊ ၄၀၀အိမ်ရာတွင် နေထိုင်လျက်ရှိသော (ဘ) ဦးရဲရင့်အောင် (၁၂/ဒဂန(နိုင်)၀၀၀၁၃၇)၏ သမီး မဝတ်မှုံရွှေစင်အား **မဝတ်မှုန်ရွှေစင်**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မဝတ်မှုန်ရွှေစင်**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ I.C (Academic) ကိုယ်ပိုင်ကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသောမထူးချွန်လင်း(၉/မလန (နိုင်)၂၁၃၄၂၄)နှင့် မထူးချွန်ဝင်း(၉/မလန(နိုင်)၂၁၃၄၂၅) တို့၏ ဖခင်အမည်မှန်မှာ **ဦးထူးမောင်မောင်** ဖြစ်ပါကြောင်း။

**ဦးထူးမောင်မောင်(၉/မလန(နိုင်)၀၀၀၅၂၅)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂ ဘီလမ်း၊ ၁၁၀(A)-၁၁၁ လမ်းကြား၊ အောင်ပန်းမြေကိုယ်ပိုင် အလယ်တန်းကျောင်း၊ Grade-6 (E)တန်းတွင် ပညာသင်ကြားနေသော မောင်ရှိုင်းထက်နောင်၏ ဖခင်အမည်မှန်မှာ **ဦးဆီဒီအာမောက်** ဖြစ်ပါကြောင်း။

**ဦးဆီဒီအာမောက်(၁၂/ဒဂတ(နိုင်)၁၁၆၁၇၈)**

## အမည်မှန်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ မိုးသောက်ကြယ်ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်နေလင်း(၅/စကန(နိုင်)၀၇၃၅၇၂)၏ သမီး မဟေမာန်ဦး၏ အမည်မှန်မှာ **မမိုးဟေမာန်** ဖြစ်ပါကြောင်း။

**မမိုးဟေမာန်**

**အဖိုးတန်ရေချိုကို ချွေတာပါ**

## အမည်မှန်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ မိုးသောက်ကြယ်ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးဝင်းချို(၅/ဗမန(နိုင်)၀၄၂၂၀၆)၏ သမီး မဇင်ဇင်ဇော်ဝင်း၏ အမည်မှန်မှာ **မမေသက်ခိုင်** ဖြစ်ပါကြောင်း။

**မမေသက်ခိုင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထကဟင်းငုံ၊ Grade-10 (B)တွင် ပညာသင်ကြားနေသော မခိုင်ဇင်သော်၏ ဖခင်အမည်မှန်မှာ ဦးထွန်းကိုကို ဖြစ်ပါကြောင်း။

**ဦးထွန်းကိုကို(၉/စကတ(နိုင်)၀၈၆၁၄၃)**

## ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ အမှတ်(၇)၊ ပမ္မတီးရပ်ကွက်နေ ကျော်ဝင်း (ဘ) ဦးမြမောင်(၁/ရကန(နိုင်)၀၀၆၆၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ်- M. 501609 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-2054049.**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့၊(င)ရပ်ကွက်၊သန္တာ(၁၆)လမ်းနေ မဇာဇာဌေး(၈/မကန(နိုင်)၃၁၂၁၀၀)နှင့် မခင်မာလာသင်း(၈/မကန(နိုင်) ၂၆၄၇၃၀)တို့၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-686062910**




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရုံးပင်ချပ်ရပ်ကွက်၊ ကျည်တောက်ပေါက်ကျေးရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ကျွန်တော် ဦးအောင်မျိုးဝင်းသည် အောက်ဖော်ပြပါတံဆိပ်အမည်-

၁။ DELIGHT MDY

အထက်ဖော်ပြပါတံဆိပ်အမည်(၁)မျိုးဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့် ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက်ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန် -

**ဦးအောင်မျိုးဝင်း၊ (၅/မရန(နိုင်)၂၀၇၀၂၀)၊ ဖုန်း ၀၉-၂၆၀၁၉၆၆၈၇။**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးကို ဆုကြေးငွေ ပေးအပ်စဉ်။

## နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၇၇ ဦးနှင့် အမျိုးသမီး ၁၈ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

## သုဝဏ္ဏသျှံတောင် ကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ် ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၆၁၀၀၈ ဧကရှိသောနယ်မြေကို **"သုဝဏ္ဏသျှံတောင် ကြိုးပြင်ကာကွယ်တော"**အဖြစ် ၁၃၈၈ ခုနှစ် ဝါခေါင်လပြည့်ကျော်(၄)ရက် (၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်)မှစ၍ သတ်မှတ်လိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သဘာဝထိန်းသိမ်းရေးနယ်မြေများဖွဲ့စည်းခြင်းဖြင့် ဒေသအတွင်းရှိသစ်ပင်သစ်တောဖုံးလွှမ်းလျက်ရှိနေသောနေရာများကို

စာမျက်နှာ ၂၃ ကော်လံ ၁ ❖



## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၇**

အားကစားရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၇**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ

စာမျက်နှာ ၂၅ ကော်လံ ၁ ●



## Fire Dragon International Futsal Cup 2026 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပသည့် Fire Dragon International Futsal Cup 2026 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

Fire Dragon International Futsal Cup 2026 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် နံနက် ၁၀ နာရီက TG United အသင်းနှင့် Black Steel Papua အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Black Steel Papua အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲက Lucky FC အသင်းနှင့် YCDC Dream အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Lucky FC အသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီက M2K FC အသင်းနှင့် Black Peral United အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Black Peral United အသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ညနေ ၅ နာရီခွဲက

စာမျက်နှာ ၂၄ ကော်လံ ၁ ■